# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၇)ရက် ၊ စနေနေ့ ၊ (3-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

### တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

စာမျက်နှာ - ၁၈

### တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

စာမျက်နှာ - ၂၁

### နိုင်ငံ့စီးပွားမြင့်တင်ရေး ကုန်ထုတ်လုပ်မှုအားပေး ဆောင်းပါး

စာမျက်နှာ - ၁၀

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ ယနေ့တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊

စာမျက်နှာ ၂၆ ကော်လံ ၁



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် နုန်းများ၊ အမှိုက်များ ရှင်းလင်းဆောင်ရွက်ပေးစဉ်။




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်ရက်များပြပုံ

### အနောက်တောင် မုတ်သုံလေ ဆုတ်ခွာသည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပထမခြောက်လအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း ငါးပိသာချိန် ၁၂၂၆၃၆ ဒသမ ၉၈၇ မွေးမြူထုတ်လုပ်နိုင်ခဲ့



အင်းကန်မှ ငါးများကို ဖော်နေစဉ်။

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပထမခြောက်လအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးမွေးမြူရေးလုပ်ငန်း၊အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းသုံးခုမှ ငါးပိသာချိန် ၁၂၂၆၃၆ ဒသမ ၉၈၇ မွေးမြူထုတ်လုပ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၂၆ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက်

အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး ပူးပေါင်းနှိမ်နင်း

ယနေ့ခေတ်သည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာသည့်ခေတ်ဖြစ်သည်။ နည်းပညာတိုးတက်မှုများကြောင့် လူမှုစီးပွားဘဝတွင် အကျိုးကျေးဇူးများစွာရရှိလာသကဲ့သို့ နည်းပညာကိုအလွဲသုံးစားပြု၍ ကျူးလွန်လာသည့် အမှုအခင်းများသည်လည်း ပိုမိုရှုပ်ထွေးကျယ်ပြန့်လာသည်။ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးလျက်ရှိသည့်ပြဿနာတစ်ရပ်ဖြစ်လာသည်။

အွန်လိုင်းလိမ်လည်မှုများသည် နည်းပညာကိုအသုံးချ၍ လူတစ်ဦးချင်းစီ၏ယုံကြည်မှုကို အလွဲသုံးစားပြုကာ ငွေကြေးနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို လိမ်လည်ရယူသည့် ရာဇဝတ်မှုများဖြစ်သည်။ အွန်လိုင်းလောင်းကစားမှုများသည်လည်း ငွေကြေးဆုံးရှုံးမှုများအပြင် မိသားစု၊ လူမှုဘဝ ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။

အောက်တိုဘာ ၁ ရက် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပခဲ့သော ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့်ပတ်သက်၍ **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ်သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း"** စသဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာများ ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်ထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့သည်။ ထို့ပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့်ဆက်စပ်သော လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည့်အပြင် ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အအုံ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အစိုးရက အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၏ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးကလည်း တက်ကြွစွာပူးပေါင်းလက်တွဲပါဝင်လာမည်ဆိုပါက အွန်လိုင်းလိမ်လည်လောင်းကစားမှုများ နိုင်ငံတွင်းမှ အမြစ်ပြတ်လုံးဝပပျောက်သွားမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၃၉၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၉၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်း ဧက ၁၃၉၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထား မှာရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ်ဘုတလင်မြို့နယ်တွင် နှမ်းစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# တံတားဦးမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ်၂၀ ဒသမ ၆ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၄ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

# ပုသိမ်မြို့နယ်တွင် ရေဘဝဲများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရေဘဝဲများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ရေထွက်ကုန်ဈေးကွက်တွင် ရေဘဝဲများ စက်တင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ရေဘဝဲများ တစ်ရက်လျှင် ပိဿာချိန် ၈၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ရေဘဝဲတွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်မှာပါ အရောင်းအဝယ် ဖြစ်နေတာပါ။ ဒေသပွဲရုံတွေဆီ ရေဘဝဲတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ရေဘဝဲတွေ ကလဲ လတ်ဆတ်မှုရှိပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းရိုးခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ထနောင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းရိုးခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ထနောင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိုးခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထနောင်းကုန်းကျေးရွာ၌ အရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ရိုးခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၆၃ သန်း အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၆ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ပျော်ဘွယ်မြို့နယ် အ.မ.က(မြို့မ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီ မိနစ် ၃၀ က အ.မ.က(မြို့မ) ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ စာဖတ်ခြင်းမှတစ်ဆင့် အသိပညာနှင့် ဗဟုသုတများ တိုးပွားလာစေရန်၊ မိမိတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် လေ့လာသင်ယူနိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၇၅ ဧက၊ မြင်းမူမြို့နယ်တွင် ၁၉၆၃ ဧက၊ မြောင်မြို့နယ်တွင် ၄၉၈ ဧက စုစုပေါင်း ၄၁၃၆ ဧကဖြစ်ကြောင်း၊ ထောပတ်ပဲစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ထောပတ်ပဲ ၄၁၃၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ထောပတ်ပဲက ဈေးကောင်းရရှိတဲ့အတွက် တောင်သူတွေ အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေ ရရှိစေရန်အတွက် သီးထပ်သီးညှပ် စိုက်ပျိုးကြကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျိုက်မရောမြို့နယ် ကော့ဝက်(ကော့ခလောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်မရော အောက်တိုဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဝက် (ကော့ခလောက်)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၅ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကော့ဝက်(ကော့ခလောက်) ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၆၅ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

## ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါငါးသလောက်များ တင်ပို့ရောင်းချနေရသည့်အတွက် ငါးမွေးမြူသူများ၊ ရေလုပ်သားများ၊ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ပူဒီနာ

ဒေါက်တာလပြည့်ခင်

**ပူဒီနာ**

ပူဒီနာသည် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားသော ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သည်။ ပူဒီနာ ရွက်၏ စူးရှသောအနံ့၊ အေးမြသောအရသာနှင့် ဆေးဖက်ဝင်မှုကြောင့် ရှေးယခင်ကတည်းက အစား အသောက်နှင့်ဆေးဝါးများတွင် အသုံးပြုခဲ့ကြသည်။ ပူဒီနာကို အင်္ဂလိပ်လို Mint ဟုခေါ်ပြီး ရုက္ခဗေဒ အမည်မှာ Mentha longifolia ဖြစ်သည်။ မျိုးရင်း (Family Name)မှာ ပင်စိမ်းနှင့် ပူဒီနာမျိုးရင်း Lamiaceae ဖြစ်ပြီး ပင်စည်လေးထောင့်ပုံသဏ္ဌာန် ရှိခြင်းက ၎င်းမျိုးရင်း၏ ထင်ရှားသောလက္ခဏာ ဖြစ်သည်။

**ပူဒီနာပင်ဇာစ်မြစ်နှင့် သမိုင်းကြောင်း**

ပူဒီနာသည် မြေထဲပင်လယ်ဒေသနှင့် ဥရောပ တိုက်တို့တွင် မူလစတင်ပေါက်ရောက်ခဲ့သောအပင် ဖြစ်သည်။ ရှေးဟောင်းဂရိ၊ ရောမနှင့်အီဂျစ်ယဉ်ကျေး မှုကာလများကတည်းက ပူဒီနာကို အစား အသောက်၊ ဆေးဝါးနှင့် အမွှေးအကြိုင်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြသည်။

**ပူဒီနာဖြစ်ထွန်းသည့်ဒေသများ**

ပူဒီနာပင်ကို ကမ္ဘာတစ်ဝန်း၌ အမေရိကန်နိုင်ငံ (Pacific Northwest ဒေသများ)၊ အိန္ဒိယ၊ တရုတ်၊ မော်ရိုကိုနှင့် မြေထဲပင်လယ်ကမ်းခြေ ဥရောပနိုင်ငံ များတွင် စီးပွားဖြစ်အမြောက်အမြား စိုက်ပျိုးကြ သည်။ အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပူဒီနာဆီ (Peppermint Oil) အများဆုံးထုတ်လုပ်သည့် နိုင်ငံများ အနက် တစ်ခုဖြစ်သည်။ ပြည်တွင်း၌ ပူဒီနာပင်သည် အေးမြပြီးအစိုဓာတ်ရှိသော ပြင်ဦးလွင်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်မြောက်ပိုင်း)ဒေသများတွင် အများ ဆုံးဖြစ်ထွန်းသည်။ ထို့ပြင် မြန်မာနိုင်ငံအလယ်ပိုင်း နှင့် အောက်ပိုင်းဒေသများတွင်လည်း အိမ်ခြံဝင်း အတွင်း သို့မဟုတ် အိုးများဖြင့် ရေမှန်မှန်လောင်း၍ တစ်နှစ်ပတ်လုံးစိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် အသုံးများသည့် ပူဒီနာပင် အမျိုးအစားနှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ အနံ့ သင်းပြီး သုပ်စား၊ ချက်စားရာတွင် ပိုမိုအသုံးပြုကြာ ရုက္ခဗေဒအမည် Mentha Spicata နှင့် ဒုတိယ အမျိုးအစားသည် Menthol အဆီဓာတ်ပိုမိုပါဝင် သဖြင့် အေးမြသည့်အရသာပိုပြင်းပြီး ဆေးဝါး၊ အချို ရည်နှင့် သွားတိုက်ဆေးများတွင် အဓိကအသုံးပြုကြ သည့် ပူဒီနာရွက် Peppermint (ရုက္ခဗေဒအမည် Mentha Piperita) တို့ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ပင်စိမ်းပင်နှင့် ပူဒီနာပင်များ၏ အရွက်အခက်တို့ကို ဟင်းသီးဟင်းရွက်လက်သုပ်နှင့် ချိုချဉ်သနပ် အစရှိသည်တို့၌ အနံ့အရသာပိုမို ကောင်းမွန်လာစေရန် ထည့်သွင်းလေ့ရှိကြသည်။

**ပြည်တွင်း၊ ပြည်ပ စားသုံးမှုပုံစံ**

ကမ္ဘာ့နိုင်ငံများဖြစ်သည့် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတွင် Mint Tea (ပူဒီနာလက်ဖက် ရည်)နှင့် Tabbouleh သုပ်များတွင် အဓိကအသုံးပြု ပြီး အနောက်နိုင်ငံများတွင် Mojito၊ Cocktails နှင့် Mocktails ကဲ့သို့ အချိုရည်များ၊ ရေခဲမုန့်(Ice Cream)၊ ချောကလက်နှင့် သကြားလုံးများတွင် ပူဒီနာ ကို ထည့်သွင်းကြသည်။ ပူဒီနာသည် အာရှတိုက်၊ မြေထဲပင်လယ်ဒေသနှင့် အရှေ့အလယ်ပိုင်းဒေသ တို့၌ ဟင်းလျာများတွင် အဓိကပါဝင်ရသည့် အမည် တစ်မျိုးဖြစ်သည်။ ပြည်တွင်း၌ လက်ဖက်သုပ်၊ အမဲ သားသုပ်ကဲ့သို့အသုပ်များပြုလုပ်ရာတွင် အနံ့သင်း ရန်ထည့်သွင်းခြင်း၊ ငါးဟင်း၊ ဝက်သားဟင်းနှင့် အချို့သောသားငါးဟင်းများတွင် အညှီနံ့ပျောက်စေ ရန်နှင့် ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးခြင်းနှင့် အတို့အမြုပ်အဖြစ် အစိမ်းတိုင်းစားသုံးခြင်းတို့ ပြုလုပ်ကြသည်။ ခြုံ၍ပြောရလျှင် ပူဒီနာအရွက် အစိမ်း(အစို)ကို လက်ဖက်ရည်ကြမ်းတွင် ထည့်၍ သောက်သုံးကြပြီး အရွက်များကို အသီးအသုပ်၊ ရေခဲ မုန့်၊ ရေခဲမုန့်အပ္ပနှင့် ပဲပါဝင်သောဟင်းလျာများတွင် ထည့်၍ဖြစ်စေ၊ ဆော့ သို့မဟုတ် ဂျယ်လီ ပြုလုပ်ရာ တွင်ဖြစ်စေ၊ သိုးသား၊ တောကောင်သားများနှင့်တွဲ၍ ဖြစ်စေ အသုံးပြုကြသည်။

**စက်မှုလုပ်ငန်းသုံးပူဒီနာ**

ပူဒီနာကို သွားတိုက်ဆေး၊ ခံတွင်းသန့်ဆေး၊ Essential Oil နှင့် အလှကုန်ပစ္စည်းများတွင် Menthol ဓာတ်ရရှိရန်သုံးစွဲကြသည်။ အလှအပနှင့် အနံ့ သင်းအရည်အဖြစ် ပူဒီနာဆီ(Peppermint Essential Oil) ကိုအသုံးပြုပြီး အနံ့ရှူခြင်း သို့မဟုတ် အသားအရေထိန်းသိမ်းမှုတွင် သုံးစွဲကြသည်။ ထို့ပြင် ပူဒီနာအနံ့သည် ကြွက်ငယ်၊ ရှဉ့် စသောရှေ့သွား ဖြင့် ကိုက်ဖြတ်တတ်သော သတ္တဝါများကို ဖယ်ရှားနိုင်သည်။



**ပူဒီနာတွင်ပါဝင်သော အာဟာရဓာတ်များ**

ပူဒီနာအရွက်စိမ်းစိမ်းလေးများတွင် ကျန်းမာရေး အတွက် အထောက်အကူပြုသည့် ဗီတာမင်၊ သတ္တု ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ များစွာပါဝင် သည်။ ပူဒီနာတွင် အဓိကအာဟာရဓာတ်များဖြစ် သည့် ဗီတာမင် A၊ ဗီတာမင် B9(ဖောလိတ်ဓာတ်)၊ ဗီတာမင် C နှင့် သတ္တုဓာတ်များအနေဖြင့် သံဓာတ်၊ မဂ္ဂနီးစ်၊ ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ပါဝင်သည်။ ထို့အတူ ခန္ဓာကိုယ်တွင်းဆဲလ်များ ပျက်စီးခြင်းကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ဖြစ်သော ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်သည့် Rosmarinic Acid နှင့် နာတာရှည်ရောဂါများကိုကာကွယ် ပေးသည့် ဖလာဗိုနွိုက်တို့ပါဝင်သည်။ ပူဒီနာရွက်တွင် ရေငွေ့ ၈၃ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ရှစ်ရာခိုင် နှုန်း၊ ပရိုတင်း ၄ ဒသမ ၈ ရာခိုင်နှုန်း၊ ထုံးဓာတ် သုည ဒသမ ၂ ရာခိုင်နှုန်း၊ အဆီဓာတ် သုည ဒသမ ၆ ရာခိုင် နှုန်း၊ မီးစုန်းဓာတ် သုည ဒသမ ၀၈ ရာခိုင်နှုန်း၊ သတ္တု ဓာတ် ၁ ဒသမ ၆ ရာခိုင်နှုန်း၊ သံဓာတ် ဂရမ် ၁၀၀ လျှင် ၁၅ ဒသမ ၆ မီလီဂရမ်၊ ဖိုင်ဘာ နှစ်မီလီဂရမ်၊ စွမ်းအင် ၅၇ ကယ်လိုရီ၊ ဗီတာမင် A (ကယ်ရိုတင်း) ၂၇၀၀ IU တို့ ပါဝင်သည်။

**ပူဒီနာပင်၏ ကျန်းမာရေးကောင်းကျိုးများ**

ပူဒီနာအမျိုးမျိုးတို့သည် တိုင်းရင်းဆေးဝါးအဖြစ် အသုံးများပြီး အဖျားဝေဒနာနှင့် ဝမ်းဗိုက်နာရောဂါ များကို ကုသသောဆေးဝါးဖြစ်သည်။

**ပန်းနာရင်ကျပ်သက်သာစေနိုင်ခြင်း**

ပူဒီနာရွက်တွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင် ပြီး ဓာတ်မတည့်ရောဂါများနှင့် ပန်းနာရင်ကျပ် လက္ခဏာများကိုသက်သာစေသည့် အစွမ်းထက် Rosmarinic Acid ပါဝင်သောကြောင့် ပူဒီနာအနံ့ကို ရှူရှိုက်ခြင်းဖြင့် ရာသီအကူးအပြောင်းတွင် ဓာတ် မတည့်မှုကြောင့်ဖြစ်တတ်သည့် ပန်းနာရင်ကျပ် ရောဂါကိုသက်သာစေနိုင်သဖြင့် ပူဒီနာသည် ပန်းနာ ရင်ကျပ်ဝေဒနာရှင်များအတွက် အထောက်အကူပြု အရွက်တစ်မျိုးဟု ဆိုနိုင်သည်။

**ရောင်ရမ်းခြင်းကို သက်သာစေနိုင်ခြင်း**

ခါးနာ၊ ဒူးနာ၊ ပုရွက်ဆိတ်၊ ခါချဉ်၊ ခြင်၊ ပျား အစရှိ သည့် အင်းဆက်ပိုးမွှားများကိုက်သောကြောင့်ဖြစ် သောရောင်ရမ်းနာကျင်မှုကို ပူဒီနာပင်မှထုတ်လုပ် ထားသည့်အဆီကို လိမ်းပေးခြင်းဖြင့် သက်သာ စေနိုင်သည်။

**မျက်စိနှင့်ကိုယ်ခံအားစနစ် ကောင်းမွန်စေနိုင်ခြင်း**

ပူဒီနာရွက်တွင် ဗီတာမင် A ကြွယ်ဝစွာပါဝင်သော ကြောင့် မျက်စိကျန်းမာရေးနှင့် ကိုယ်ခံအားစနစ် အတွက် အထူးကောင်းမွန်သည်။

**သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်ခြင်း**

ပူဒီနာရွက်တွင် သံဓာတ်ပါဝင်သောကြောင့် သွေးနီဥဆဲလ်များဖြစ်ပေါ်စေရန်နှင့် သွေးအားနည်း ရောဂါကိုကာကွယ်ရန် ကူညီပေးသည်။

**ဆဲလ်များအသစ်ဖြစ်ပေါ်စေနိုင်ခြင်း**

ပူဒီနာရွက်တွင် ဗီတာမင် B9 (ဖောလိတ်ဓာတ်) များပါဝင်သောကြောင့် ဆဲလ်များအသစ်ဖြစ်ပေါ်မှုနှင့် ဆဲလ်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေသည်။

**နှလုံးရောဂါကို ကာကွယ်ပေးနိုင်ခြင်း**

ပူဒီနာရွက်တွင် သဘာဝဒြပ်ပေါင်းများပါဝင်သော ကြောင့် နှလုံးရောဂါနှင့် အချို့သောနာတာရှည်ရောဂါ များမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

**အစာအိမ်နှင့် အူလမ်းကြောင်းကို ကောင်းမွန် စေနိုင်ခြင်း**

ပူဒီနာရွက်သည် အစာကိုကြေစေနိုင်သည့်အပြင် ဝမ်းမှန်စေပြီး အစာအိမ်နာခြင်း၊ ဗိုက်အောင့်ခြင်း၊ လေပွခြင်း၊ လေအောင့်ခြင်း၊ ဝမ်းချုပ်ခြင်း စသော ရောဂါလက္ခဏာများကို လျှော့ပါးသက်သာစေနိုင် သည်။ ပူဒီနာတွင်ပါဝင်သည့် အဆီအနှစ်များသည် အစာအိမ်ကြွက်သားများကိုပြေလျော့စေပြီး အစာ ခြေအရည်ထွက်ရှိမှုကို အားပေးသည်။

**အအေးမိခြင်းကို သက်သာပျောက်ကင်းစေနိုင်ခြင်း**

ပူဒီနာတွင် ပူရှိန်းရှိန်းအာနိသင်ရှိသော မင်သော် ဓာတ်ပါဝင်သောကြောင့် ချွဲ၊ သလိပ်များကို ချေဖျက် ပေးနိုင်ပြီး သလိပ်ဟပ်ထုတ်ရလွယ်စေကာ ချောင်း ဆိုးသက်သာစေနိုင်သည့်အပြင် နှာခေါင်းပိတ်ခြင်း၊ အေးခဲခြင်း၊ လည်ချောင်းနာခြင်း စသည့်အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများကိုလည်း သက်သာ ပျောက်ကင်းစေနိုင်သောကြောင့် ကလေးသူငယ်များ အတွက် အလွန်အသုံးဝင်သည်။

**ကိုယ်အလေးချိန်ချရာတွင် အထောက်အကူ ပြုနိုင်ခြင်း**

ပူဒီနာရွက်သည် သွေးတွင်းမှ မကောင်းသည့် ကိုလက်စထရောအဆီဓာတ်များကို နည်းစေသော ကြောင့် အဝလွန်ခြင်းမဖြစ်အောင် ကာကွယ်ပေး နိုင်ပြီး ကိုယ်အလေးချိန် လျှော့ချရာတွင်လည်း အထောက်အကူပြုနိုင်သည်။

**ခံတွင်းကျန်းမာရေးကောင်းစေနိုင်ခြင်း**

ပူဒီနာရွက်သည် ဘက်တီးရီးယားပိုးသေစေနိုင် သည့်အာနိသင်ရှိသောကြောင့် ပူဒီနာရွက်ဝါးခြင်းဖြင့် ခံတွင်းရှိ ဘက်တီးရီးယားပိုးများကို သေစေနိုင်ပြီး ခံတွင်းရှင်းစေကာ ခံတွင်းအနံ့ဆိုးမထွက်စေရန် ကာကွယ်နိုင်သည်။ သွားဖုံးနှင့် သွားများကြားရှိ သွား ပိုးများကိုဖယ်ရှားပေးနိုင်ပြီး လျှာကျန်းမာစေရန် လည်း အထောက်အကူပြုသောကြောင့် ယခုနောက် ပိုင်းတွင် သွားတိုက်ဆေးများ၊ ပလုတ်ကျင်းဆေးရည် များ အစရှိသည့် သွားနှင့် ခံတွင်းသုံးပစ္စည်းများ တွင် ပူဒီနာပင်မှရသည့်အဆီကို ထည့်သွင်းဖော်စပ် လာကြသည်။

**ဦးနှောက်နှင့် အာရုံကြောများကို ကောင်းမွန် စေနိုင်ခြင်း**

ပူဒီနာရွက်တွင် မဂ္ဂနီးစ်ပါဝင်သောကြောင့် ဦးနှောက်နှင့်အာရုံကြောစနစ် လုပ်ဆောင်ချက်များ ကို ထောက်ပံ့ပေးသဖြင့် ပူဒီနာရွက်စားခြင်းဖြင့် ဦးနှောက် နှင့် အာရုံကြောကို အားကောင်းစေပြီး အသက်ကြီးလာခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ ကြောင့်ဖြစ်တတ်သည့် သတိမေ့တတ်မှုကို လျော့ပါးသက်သာစေနိုင်သည်။

**အရိုးသန်မာစေနိုင်ခြင်း**

ပူဒီနာရွက်တွင် ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ် ပါဝင်သောကြောင့် အရိုးနှင့်သွားများ ကြံ့ခိုင်စေရန် အထောက်အကူပြုသည်။

**အသားအရေကို စိုပြည်ဝင်းပစေနိုင်ခြင်း**

ပူဒီနာရွက်တွင် ဗီတာမင် C ပါဝင်သောကြောင့် အသားအရေကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်ကို မြင့်တင်ပေးသည်။ ပူဒီနာရွက်ကို မကြာခဏစားပေး ပါက အသားအရေကို စိုပြည်ဝင်းပစေပြီး ဝက်ခြံ၊ အမည်းစက်၊ ဆားဝက်ခြံထွက်ခြင်းကို လျော့နည်းစေ နိုင်ကာ အသားအရေထိန်းသိမ်းပေးသည်။ ပူဒီနာ အရွက်ကိုထောင်း၍ မျက်နှာပေါ်တင်ပေးခြင်းသည် ဝက်ခြံများကိုသက်သာစေပြီး အသားအရေကို အေးမြကြည်လင်စေနိုင်သည့်အပြင် ပူဒီနာတွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သော အာနိသင်ရှိ သောကြောင့် အသားအရေယားယံခြင်းအတွက် ကောင်းမွန်သည်။ ယားယံခြင်းနှင့် အင်းဆက်ပိုးများ ကိုက်ခြင်းအတွက် ပူဒီနာရည်ကိုလိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

**စိတ်ဖိစီးမှုကို လျော့နည်းစေပြီး စိတ်ကျဝေဒနာကို သက်သာစေနိုင်ခြင်း**

ပူဒီနာရွက်၏ရနံ့သည် ဦးနှောက်ကို လန်းဆန်း စေပြီး ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် စိတ်ပင်ပန်းခြင်းကို ပြေလျော့စေရန် အထောက် အကူပေးသောကြောင့် စိတ်ဓာတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့အတွက် ပူဒီနာရွက် ရေနွေး ကြမ်းသောက်ခြင်း၊ ပူဒီနာလက်ဖက်ရည်နှင့် ပူဒီနာ ဖျော်ရည်တို့ကို သောက်ပေးခြင်းဖြင့် ဝေဒနာ များကို သက်သာစေနိုင်ပြီး စိတ်ကိုလန်းဆန်း တက်ကြွ စေနိုင်သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်း စိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

**ကင်ဆာဆဲလ်များသေစေနိုင်ခြင်း**

ပူဒီနာရွက်တွင် အခြားသောအမွှေးအကြိုင်ပင်များနည်းတူ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပမာဏမြင့်မားစွာပါဝင်သည့်အတွက် ခန္ဓာကိုယ်တွင်းဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးသည်။ ပူဒီနာတွင် ပါဝင်သောဓာတ်တစ်မျိုးက ကင်ဆာဖြစ်စေနိုင်သည့် ဆဲလ်များဖြစ်တည်မှုနှင့် ကင်ဆာဆဲလ်များသေစေနိုင်မှုကို ကူညီတိုက်ဖျက်ပေးနိုင်ကြောင်း သိရသည်။

**သတိပြုရန်အချက်များ**

ပူဒီနာသည် Gastroesophageal Reflux Disease–GERD ဖြစ်ပွားနေသူများ၊ ရင်ပူတတ်သူများ သို့မဟုတ် အစာအိမ်အက်စစ်ပြန်တက်သည့်ရောဂါရှိသူများအနေဖြင့် ပူဒီနာရွက်ကို အလွန်အကျွံစားသုံးမိပါက အစာပြွန်နှင့်အစာအိမ်ကြားရှိအဆို့ရှင်ကို လျော့နည်းစေသဖြင့် ရင်ပူခြင်းကို ပိုမိုဆိုးရွားစေနိုင်သည်။ မွေးကင်းစကလေးငယ်များနှင့်အသက်နှစ်နှစ်အောက်ကလေးများ၏ မျက်နှာ သို့မဟုတ် နှာခေါင်းအနီးတွင် ပူဒီနာဆီတိုက်ရိုက်လိမ်းကျံခြင်းဖြင့် အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်း သို့မဟုတ် ကြွက်သားဆွဲခြင်းဖြစ်စေနိုင်သောကြောင့် ကလေးငယ်များအတွက် ပူဒီနာဆီကို တိုက်ရိုက်သုံးစွဲခြင်းမပြုလုပ်သင့်ကြောင်း သိရသည်။

**ပူဒီနာရှောင်ကြဉ်သင့်သူများ**

သည်းခြေအိတ်ရောင်ရမ်းသူများ သို့မဟုတ် သည်းခြေကျောက်ရှိသူများအနေဖြင့် ပူဒီနာဆီ သို့မဟုတ် ပူဒီနာကိုဆေးဝါးအဖြစ် အလွန်အကျွံသုံးစွဲခြင်းမှရှောင်ကြဉ်သင့်သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အစားအသောက်ထဲတွင်ပါဝင်သော ပူဒီနာရွက်ပမာဏသည် ဘေးကင်းသော်လည်း ပူဒီနာဆီများကို ဆေးဝါးသဖွယ်ပမာဏအမြောက်အမြားသုံးစွဲပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။

**နိဂုံး**

အစာမကြေခြင်း၊ လေဆန်ခြင်းဖြစ်ပါက ပူဒီနာရွက်ကို ရေနွေးကြမ်းတွင်ခတ်၍ သောက်သုံးပေးနိုင်ပြီး စိတ်လန်းဆန်းစေရန်၊ စိတ်ဖိစီးမှုသက်သာစေရန် သို့မဟုတ် ခေါင်းကိုက်သက်သာစေရန်အတွက် ပူဒီနာအနံ့ သို့မဟုတ် ပူဒီနာဆီကို အသုံးပြုနိုင်သည်။ စိုက်ပျိုးရလွယ်ကူပြီး အိမ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသင့်သည့် ပူဒီနာသည် အစားအသောက်အတွက်သာမက ကျန်းမာရေးအတွက်ပါ များစွာအကျိုးပြုသည့် သဘာဝလက်ဆောင်တစ်ခုဖြစ်သောကြောင့် အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သတိပြုစရာအချက်များကို သိရှိလိုက်နာပြီး နေ့စဉ်ဘဝတွင် ထည့်သွင်းအသုံးပြုသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ဖယ်ရှားရှောင်ခွာ ကိလေသာ

- လူသားများကို အရောင်ဆိုး
အမှောင်မျိုး ကိလေသာ၊
တဏှာ၌ ဝဋ္ဋအတွင်း
သွတ်သွင်းကြရှာ၊
ပိုးဖလံမျိုး မီးတိုးကာ
ခရီးဆိုးရှာ ငမိုက်သား၊
မေတ္တာကို အမှောင်တိုက်
လောင်မြိုက်တရား။

- မုသားကို သကာနှော
တမာတော မုန်းမာန်ဆင်၊
အပြုံးဆို ဟန်ဆောင်ထား
မာန်ထောင်လွှားချင်၊
လမ်းမှားကိုလည်း လျှောက်ကာပင်
မဆင်ခြင် တိုးဝင်မြဲ၊
အဝိဇ္ဇာ အမှောင်ဖုံးလို့
နောက်ဆုံးငရဲ။

- ငါမှငါ စိတ်မှာစွဲတော့
ထိတ်စရာပဲ ပူလောင်ပေ၊
လောကီဘုံ တို့လူသား
မမှားအောင်နေ၊
မာနတရား ကင်းကြစေ
မောဟတွေ ဖယ်ရှားကြ၊
ကိလေသာ သည်တရားကိုဖြင့်
အသိဖွေရှာ မမှားရအောင်
(တို့လူသားတွေ..)
တရားနှင့်နေမှ။ ။

ရွှေတိုး(ထုံးဘို)

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဖလိုင်းဒူဘိုင်းခရီးသည်တင်လေယာဉ်ကိစ္စ၌ ပါဝင်ပတ်သက်ခဲ့ပါက အီရန်နိုင်ငံကို ပြင်းထန်စွာတုံ့ပြန်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား



ဝါရှင်တန် အောက်တိုဘာ ၂

ဖလိုင်းဒူဘိုင်း လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်ကိစ္စတွင် အီရန်နိုင်ငံ ပါဝင်ပတ်သက်နေဖွယ် ရှိပြီး အကယ်၍ ပါဝင်ပတ်သက်နေပါက ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ အခြေစိုက် ဖလိုင်းဒူဘိုင်း လေကြောင်းလိုင်း ခရီးစဉ်အမှတ် အက်ဖ်ဇက်-၁၀၇၃ ခရီးသည်တင် လေယာဉ်သည် စက်တင်ဘာ ၃၀ ရက်က ဒူဘိုင်းမြို့မှ အစ္စရေးနိုင်ငံသို့ ဦးတည် ပျံသန်းနေစဉ် တွဲဖက်လေယာဉ်မှူးက လေယာဉ်မှူးကို ဓားဖြင့် ထိုး၍ လေယာဉ်ကို ထိုးဆင်းဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် လေယာဉ်မှူးက တွဲဖက်လေယာဉ်မှူး၏ တိုက်ခိုက်မှုကို ခုခံ၍လေယောဉ်မောင်းခန်း တံခါးကို ဖွင့်ပေးနိုင်ခဲ့ရာ လေယာဉ် အမှုထမ်းနှင့်ခရီးသည်များက တွဲဖက်လေယာဉ်မှူးကို ဖမ်းဆီး၍ လေယာဉ်ပျက်ကျမည့် အရေးကို တားဆီးနိုင်ခဲ့သည်။

ဖလိုင်းဒူဘိုင်း ခရီးသည်တင် လေယာဉ်ဖြစ်စဉ်အတွင်း အီရန်နိုင်ငံ ပါဝင်ပတ်သက်နေဖွယ်ရှိပြီး ပါဝင်ပတ်သက်မှု မှန်ကန်ပါက မိမိတို့အနေဖြင့် အီရန်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကမ္ဘာကြီးသည် အန္တရာယ်များသောအချိန်ကာလကို ဖြတ်သန်းနေရကြောင်း ရုရှားသမ္မတပူတင်ပြောကြား




မော်စကို အောက်တိုဘာ ၂

ကမ္ဘာကြီးအနေဖြင့် အန္တရာယ်များသော အချိန်ကာလကို ဖြတ်သန်းရှင်သန်နေရကြောင်း ရုရှားသမ္မတပူတင်က မော်စကိုမြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျင်းပခဲ့သည့် ဗယ်ဒိုင်းမျက်နှာစုံညီလာခံ၌ သတိပေးပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာကြီးပြောင်းလဲနေသည်နှင့်အမျှ နိုင်ငံတကာပဋိပက္ခများ ဆက်လက်ဖြစ်ပွားနိုင်ခြေလည်း မြင့်မားနေကြောင်း၊ အနောက်အုပ်စု နိုင်ငံများသည် ရုရှားပိုင် ကာလင်နင်ဂရက်ဒေသကိုခြိမ်းခြောက်ခြင်းဖြင့် ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ ပေါ်ထွက်လာသည့် ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုဆိုးရွားမလာစေရေးအတွက် ကြိုးပမ်းရန်လည်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ကာလင်နင်ဂရက်ဒေသ ခြိမ်းခြောက်ခံရပါက ရုရှားနိုင်ငံသည် နျူကလီးယား လက်နက်များ အပါအဝင် ပိုင်ဆိုင်ထားသမျှ လက်နက်အားလုံးကို အသုံးပြုမည်ဖြစ်ကြောင်း သမ္မတပူတင်က အနောက်အုပ်စုနိုင်ငံများကို ထပ်မံပြောကြားခဲ့သည်။

ကာလင်နင်ဂရက်ဒေသနှင့် ပတ်သက်၍ သံတမန်ရေးသတိပေးချက်တစ်ရပ်ကို ရုရှားအစိုးရက မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)ထံ ပေးပို့ခဲ့ပြီးနောက် ရုရှားသမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဒီဇယ်ဆီဈေးနှုန်းမြင့်တက်မှုကို ဖြေရှင်းရေး ဥရောပသမဂ္ဂနိုင်ငံများ အရေးပေါ်ဆွေးနွေးပွဲကျင်းပမည်

ဘရပ်ဆဲလ် အောက်တိုဘာ ၂

ဒီဇယ်ဆီဈေးများ မြင့်တက်လာမှုကို ဖြေရှင်းရေးအတွက် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်နိုင်ငံများက ယနေ့တွင် အရေးပေါ်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုကို ဖြေရှင်းရေးအတွက် ဥရောပ မဟာမိတ်များသည် မဟာဗျူဟာ အရန်လောင်စာဆီများထုတ်သုံးရန် အမေရိကန်နိုင်ငံက တောင်းဆိုခဲ့ပြီး တစ်ရက်အကြာတွင် ဒီဇယ်ဆီဈေးနှုန်းမြင့်တက်လာမှုကို ဖြေရှင်းရေးအတွက် ဆွေးနွေးရန် အီးယူနိုင်ငံများက စီစဉ်ထားခြင်းဖြစ်သည်။

ဒီဇယ်ဆီဈေးနှုန်း မြင့်တက်လာမှုနှင့်ပတ်သက်၍ အီးယူနိုင်ငံများနှင့် ဥရောပကော်မရှင်တို့၏ အရေးပေါ်ဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ဥရောပကော်မရှင်ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

လောင်စာဆီဈေးနှုန်းမြင့်တက်လာမှု ဖြေရှင်းရေးနည်းလမ်းတစ်ရပ်အဖြစ် ပြည်ပသို့ ဒီဇယ်ဆီတင်ပို့မှုများကို ပိတ်ပင်ရဖွယ်ရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်နိုင်ငံက ဒီဇယ်ဆီပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့ပါက ဥရောပသမဂ္ဂနိုင်ငံများ၏ စီးပွားရေးစွမ်းဆောင်ရည်ပိုင်း အတွက် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်ဟု ဥရောပသမဂ္ဂတာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက နိုင်ငံခြားရေးဝန်ကြီး အပြောင်းအလဲပြုလုပ်

ဂျကာတာ အောက်တိုဘာ ၂

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုသည် လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဆူဂျီယိုနို၏နေရာတွင် ဝါရင့်သံတမန်တစ်ဦးကို အောက်တိုဘာ ၁ ရက်တွင် အစားထိုးခန့်အပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတပရာဘိုဝိုသည် ဆူဂျီယိုနို၏နေရာတွင် ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှားအမြဲတမ်းသံအမတ်ကြီးဟောင်း အာမာနာသာနာသီရာကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဆူဂျီယိုနိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် သမ္မတပရာဘိုဝိုက နေရာပြောင်းလဲ ခန့်အပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားရေးဝန်ကြီးနေရာ အပြောင်းအလဲသည် သမ္မတပရာဘိုဝိုက ရက်သတ္တသုံးပတ်မပြည့်မီ ကာလအတွင်း ပြုလုပ်ခဲ့သော ဒုတိယမြောက် အစိုးရအဖွဲ့ဝင် နေရာအပြောင်းအလဲဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် စက်တင်ဘာ ၁၄ ရက်ကလည်း ဘဏ္ဍာရေးဝန်ကြီး ပါဘာယာယူဒီဆာဒီဝါကို ဖယ်ရှား၍ ဒုတိယဘဏ္ဍာရေးဝန်ကြီး ဆွာဟာဆီလ်နာဇာရာကို အစားထိုးခန့်အပ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် မိမိဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များထဲတွင် ဒေသတွင်းတည်ငြိမ်မှုကို ထိန်းသိမ်းရေးနှင့် နိုင်ငံစုံဝါဒမြှင့်တင်ရေးတို့ ပါဝင်သည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးသစ် နာသီရာက ပြောကြားထားကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# ပြင်သစ်နိုင်ငံ၌ ဆန္ဒပြပွဲများကြောင့် စာသင်ကျောင်း ၄၀၀ ကျော် ပိတ်ထားရဆဲဖြစ်



ပဲရစ် အောက်တိုဘာ ၂

ပညာရေး ကဏ္ဍများနှင့် ပတ်သက်၍ စတင်ဖြစ်ပွားခဲ့သည့် ကျောင်းသားဆန္ဒပြပွဲများမှာ အချို့နေရာများ၌ အကြမ်းဖက်ဆန္ဒပြပွဲများအဖြစ် အသွင်ပြောင်းလဲခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ၌ ယနေ့တွင် စာသင်ကျောင်း ၄၀၀ ကျော် ပိတ်ထားရဆဲဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ကျောင်းသား ဆန္ဒပြပွဲများကြောင့် ယနေ့တွင် ဆက်လက်ပိတ်ထားရမည့် စာသင်ကျောင်းမှာ ၄၀၀ ကျော်ထိ ရှိနေကြောင်း ပြင်သစ် ပညာရေးဝန်ကြီး အက်ဒ်ဝပ်ဂျက်ဖရေးက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ကျောင်းသားဆန္ဒပြပွဲများကို အယ်လ်အက်ဖ်အိုင်ပါတီမှ ပါတီဝင်များအပါအဝင် လက်ဝဲနိုင်ငံရေးသမားများက စတင်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ထောက်လှမ်းရေးအဖွဲ့အစည်းများက သုံးသပ်ထားသည်။

သို့ရာတွင် အဆိုပါသုံးသပ်ချက်ကို အယ်လ်အက်ဖ်အိုင်ပါတီ လွှတ်တော်အမတ် လူးဝစ်ဘိုးယာ့ဒ်က ငြင်းပယ်ထားသည်။

ကျောင်းဆရာ၊ ဆရာမ ရှားပါးမှု၊ ကျောင်းအဆောက်အအုံများ ယိုယွင်းမှုတို့ကို အကြောင်းပြု၍ ကျောင်းသား ဆန္ဒပြပွဲများသည် ပြီးခဲ့သည့်လမှစ၍ ပဲရစ်မြို့၌ စတင်ပေါ်ပေါက်ခဲ့သည်။

နောက်ပိုင်းတွင် ကျောင်းသားဆန္ဒပြပွဲများသည် ပြင်သစ်နိုင်ငံတစ်ဝန်းလုံး ကူးစက်ပျံ့နှံ့ခဲ့ပြီး အချို့နေရာများ၌ အကြမ်းဖက်ဆန္ဒပြပွဲအဖြစ် ပြောင်းလဲခဲ့ရာ ပဋိပက္ခများအတွင်း ရဲတပ်ဖွဲ့က ရာနှင့်ချီရှိသော ကျောင်းသားများကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းသိရသည်။

Ref : RT
Trs : KKO

## ကွန်ပျူတာသတင်းအချက်အလက် စိစစ်ရေးဂြိုဟ်တုတစ်စင်းကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထား



**နယူးဒေလီ အောက်တိုဘာ ၂**

အိန္ဒိယအခြေစိုက် TakeMe 25 Space အမည်ရှိ အာကာသနည်းပညာကုမ္ပဏီသည် ကွန်ပျူတာ သတင်းအချက်အလက် စိစစ်ရေးဂြိုဟ်တုတစ်စင်းကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း အောက်တိုဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

MOI-1 A အမည်ရှိ အဆိုပါဂြိုဟ်တုကို စက်တင်ဘာ ၃ ရက်တွင် စပေ့အိတ် ကုမ္ပဏီ၏ Transporter – 18 မစ်ရှင်ဖြင့် လွှတ်တင်မည်ဖြစ်သည်ဟု TakeMe 25 Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၅၀ ခန့်သာရှိသော အထက်ပါဂြိုဟ်တုသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံး ကွန်ပျူတာသတင်းအချက်အလက် စိစစ်ရေး ဂြိုဟ်တုဖြစ်ကြောင်း၊ MOI-1A ဂြိုဟ်တုသည် သတင်းအချက်အလက် ကုန်ကြမ်းများကို ကမ္ဘာမြေပေါ်သို့ တိုက်ရိုက်ပေးပို့မည့်အစား ကမ္ဘာပတ်လမ်းပေါ်မှာပင် စိစစ်အချောသတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

MOI-1A ဂြိုဟ်တုသည် အမေရိကန်နိုင်ငံ အခြေစိုက် Nvidia နည်းပညာကုမ္ပဏီ၏ လူ့ဉာဏ်ရည်တုနည်းပညာသုံး ကွန်ပျူတာပရိဆက်ဆာများ တပ်ဆင်ထားသည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

TakeMe 25 Space ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်တွင် MOI-1 အမည်ရှိ ကွန်ပျူတာသတင်းအချက်အလက် စိစစ်ရေးစမ်းသပ်ဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့ဖူးသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကင်ဆာရောဂါရှစ်မျိုးတွင် တစ်မျိုးက ကူးစက်ရောဂါများနှင့်ဆက်စပ်မှုရှိနေနိုင်

**ပဲရစ် အောက်တိုဘာ ၂**

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကင်ဆာရောဂါရှစ်မျိုးတွင် တစ်မျိုးသည် ကူးစက်ရောဂါများနှင့် ဆက်စပ်မှုရှိနေနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်နိုင်ငံအခြေစိုက် နိုင်ငံတကာ ကင်ဆာသုတေသန အေဂျင်စီမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၄ ခုနှစ်တွင် ကင်ဆာရောဂါဖြစ်စဉ်သစ်ပေါင်း ၁၉ ဒသမ ၂ သန်းထိရှိခဲ့ရာ ၂ ဒသမ ၃ သန်းခန့်မှာ ကူးစက်ရောဂါများနှင့် ဆက်စပ်နေကြောင်း သိရသည်။

အဆိုပါ ကင်ဆာရောဂါဖြစ်စဉ်များအနက် အများစုမှာ ကူးစက်ရောဂါ ငါးမျိုးနှင့် ဆက်စပ်နေကြောင်း နိုင်ငံတကာ ကင်ဆာရောဂါ သုတေသနအင်စတီကျူမှ သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အဆိုပါ ကူးစက်ရောဂါငါးမျိုးမှာ Helicobactor Pylori (H.Pylori)၊ Human Papillomavirus(HPV)၊ အသည်းရောင်ရောဂါ ဘီနှင့်စီရောဂါများနှင့် Epstein-Barr Virus (EBV) ရောဂါတို့ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ကူးစက်ရောဂါ ငါးမျိုး၏ဒဏ်ကို အပြင်းထန်ဆုံးရင်ဆိုင်နေရသည့် နိုင်ငံများမှာ တစ်ဦးချင်းဝင်ငွေ အလယ်အလတ်ရှိနိုင်ငံများဖြစ်ကြသည်။

ကူးစက်ရောဂါနှင့်ဆက်စပ်နေသည့် ကင်ဆာရောဂါဖြစ်စဉ်ပေါင်း ၇၇ ရာခိုင်နှုန်းမှာ အဆိုပါနိုင်ငံများ၌ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## နေအဖွဲ့အစည်းပြင်ပ ချော်ခဲဂြိုဟ်တစ်စင်းကို အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၂**

နေအဖွဲ့အစည်းပြင်ပ ချော်ခဲဂြိုဟ်တစ်စင်းကို အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

HD 3167 b ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် ချော်လွှာများ ဖုံးလွှမ်းထားသော်လည်း လေထုလွှာပိုင်ဆိုင်သည့် အေးမြသော ဂြိုဟ်တစ်စင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၅၄ နှစ်အကွာတွင် တည်ရှိသည့် အဆိုပါဂြိုဟ်ကို လေထုလွှာပိုင်ဆိုင်ထားသည့် အအေးမြဆုံး ချော်သားဂြိုဟ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။



HD 3167 b ဂြိုဟ်သည် မိခင်ကြယ်ကို အနီးကပ်လှည့်ပတ်နေမှုကြောင့် လေထုလွှာပိုင်ဆိုင်ထားသည်မှာ အံ့အားသင့်ဖွယ်ကောင်းကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကျောက်သားဂြိုဟ်များသည် မိခင်ကြယ်နှင့် နီးကပ်လေလေ မိခင်ကြယ်၏ ဖြာထွက်ရောင်ခြည် ရိုက်ခတ်မှုကြောင့် လေထုလွှာပိုင်ဆိုင်ရန် ခက်ခဲလေလေဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် HD 3167 b ဂြိုဟ်ကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာခဲ့ပြီးနောက် ၎င်းဂြိုဟ်၏ သဘာဝကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တစ်ရက်လျှင် အသားပြားနှစ်ခုစားပါက Dementia ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားနိုင်

**နယူးယောက် အောက်တိုဘာ ၂**

အသားပြား (Deli Meat) များကို တစ်ရက်လျှင် နှစ်ခု စားသုံးခြင်းသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသားပြားလွှာကဲ့သို့ ပြုပြင်စီရင်ထားသည့် အသားများ စားသုံးမှု၏ ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုကို နားလည်နိုင်ရန် လူပေါင်း ၅၀၀၀၀၀ ကျော် ပါဝင်သော လေ့လာချက်များကို ပြန်လည်စိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အသားပြားလွှာနှင့်ဝက်အူချောင်းကဲ့သို့ ပြုပြင်စီရင်ထားသော အစားအစာများကို တစ်ရက်လျှင်ပုံမှန်ထက် ၂၅ ဂရမ် ပိုမိုစားသုံးပါက Dementia ရောဂါဖြစ်နိုင်ခြေ ၄၄ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ ပြုပြင်စီရင်ထားသည့် အသား ပမာဏ ၂၅ ဂရမ်သည် အသားပြားလွှာနှစ်ခုနှင့် ပျမ်းမျှအားဖြင့် ညီမျှကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အသားပြားလွှာကဲ့သို့ ပြုပြင်စီရင်ထားသည့် အသားများတွင် ထည့်သွင်းထားသော ဓာတုပစ္စည်းများကြောင့် ရောင်ရမ်းမှုပြဿနာနှင့် သွေးကြောများပျက်စီးမှုပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နှစ်စင်းတွဲကြယ်စနစ်တစ်ခု၏ ဓာတ်ငွေ့တိမ်တိုက်များအတွင်း ဖွဲ့စည်းဖြစ်ပေါ်နေသော ဂြိုဟ်နှစ်စင်းကို သိပ္ပံပညာရှင်များက ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့

**ဘာလင် အောက်တိုဘာ ၂**

နှစ်စင်းတွဲကြယ်စနစ်တစ်ခု၏ ဓာတ်ငွေ့တိမ်တိုက်များအတွင်း ဖွဲ့စည်းဖြစ်ပေါ်နေသော ဂြိုဟ်နှစ်စင်းကို သိပ္ပံပညာရှင်များက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အထက်ပါ ဂြိုဟ်နှစ်စင်း ဖွဲ့စည်းဖြစ်ပေါ်နေသော နေရာမှာ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၃၇ နှစ် အကွာတွင် တည်ရှိသော WISPIT-2 အမည်ရှိ နှစ်စင်းတွဲကြယ်စနစ်ပတ်လည်ရှိ ဓာတ်ငွေ့တိမ်တိုက် တစ်ခုအတွင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်ခ်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

WISPIT-2 ကြယ်စနစ်အနီး ဂြိုဟ်နှစ်စင်းဖွဲ့စည်းဖြစ်ပေါ်မှုကို ဂျာမနီသိပ္ပံပညာရှင်များက ချီလီနိုင်ငံအခြေစိုက် အယ်လ်မာရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြယ်စနစ်အနီး ဖွဲ့စည်း ဖြစ်ပေါ်နေဆဲဖြစ်သည့် ဂြိုဟ်နှစ်စင်းကို WISPIT-2b နှင့် WISPIT-2c ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ WISPIT-2b ဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်ထက် ငါးဆပိုကြီးပြီး WISPIT-2c မှာ WISPIT-2b အောက် အနည်းငယ် ပိုသေးငယ်ကြောင်း သိရသည်။

WISPIT-2 နှစ်စင်းတွဲကြယ်စနစ်အတွင်းရှိ ကြယ်များ၏ သက်တမ်းမှာ နှစ်ပေါင်း ၅ ဒသမ ၄ သန်းထိသာရှိရာ နေ၏သက်တမ်းထက်များစွာ ပိုနည်းပါးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရတနာပုံအက်ဖ်စီအသင်းအနိုင်ရပြီး သစ္စာအားမာန်နှင့် ဒဂုံစတားအသင်းတို့ သရေရလဒ် ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းကရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ISPE အသင်းကို အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့ ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈မိနစ်၊ ပွဲချိန် ၄၄ မိနစ်၊ ပွဲချိန် မိနစ် ၇၀ တို့တွင် ပြည့်ဖြိုးအောင်က သွင်းယူခဲ့ပြီး ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် ကောင်းခန့်ကျော်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် မင်းကိုခန့်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့ ပွဲစဉ်တွင် တစ်ဂိုးစီသရေလဒ် ထွက်ပေါ်ခဲ့ပြီး ဒဂုံစတားအသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် စိုင်းခန့်မှူးက သွင်းယူခဲ့ကာ သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကိုပွဲချိန် ၆၁ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)အပြီးတွင် ISPEအသင်း ရှုံးပွဲကြုံတွေ့ရသော်လည်း ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေကြောင်းသိရသည်။ **STA**

## ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် အကောင်းဆုံးဆုများကို ဘရိုက်တန်အသင်းမှ နည်းပြ ဟူဇီလာ၊ ဂရော့ဖ်၊ လူးဝစ်ဒန့်ခ်တို့ဆွတ်ခူး




**လန်ဒန် အောက်တိုဘာ ၂**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးဆုများကို ဘရိုက်တန်အသင်းမှ နည်းပြ ဟူဇီလာ၊ ဂရော့ဖ်၊ လူးဝစ်ဒန့်ခ်တို့ ဆွတ်ခူးခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဟူဇီလာသည် စက်တင်ဘာလအတွင်း ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် သုံးပွဲတွင် လိဒ်အသင်းနှင့်သာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကိုဗင်ထရီအသင်း၊ အာဆင်နယ်အသင်းတို့ကို ဂိုးပြတ်အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် စက်တင်ဘာလ အတွက် အကောင်းဆုံးနည်းပြကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ဂရော့ဖ်သည် ဘရိုက်တန်အသင်းနှင့် အတူ စက်တင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ ကိုဗင်ထရီအသင်းနှင့် ပွဲစဉ်တွင်သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ အာဆင်နယ် အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် လုပ်ဆောင်ခဲ့ပြီးနောက် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး သွင်းဂိုးဆုကိုလည်း ဘရိုက်တန်အသင်းမှ ခံစစ်ကစားသမား လူးဝစ်ဒန့်ခ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : B/R Football**
**Trs : STA**

## ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ်က ကျောနံပါတ်(၇)ကို ရာဖေးလီယိုထံလွှဲပြောင်းခဲ့ပြီးနောက် စီရော်နယ်ဒို၏ ပေါ်တူဂီအသင်းကစားသမားဘဝ အဆုံးသတ်ရန်နီးစပ်

**လစ္စဘွန်း အောက်တိုဘာ ၂**

ပေါ်တူဂီအသင်း နည်းပြ ဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ကြား ဆက်ဆံရေး တင်းမာမှုများမြင့်တက်နေချိန်တွင် နည်းပြဂျီးဆပ်က ကျောနံပါတ်(၇)ကိုရာဖေးလီယိုထံ လွှဲပြောင်းပေးခဲ့ပြီးနောက် စီရော်နယ်ဒို၏ ပေါ်တူဂီအသင်း ကစားသမားဘဝ အဆုံးသတ်ရန် ပိုမိုနီးစပ်လာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

လက်ရှိ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားနေသည့် ပေါ်တူဂီအသင်း ကစားသမားစာရင်းတွင် နည်းပြ ဂျီးဆပ်က စီရော်နယ်ဒိုကို ရွေးချယ်ခဲ့သော်လည်း ပြိုင်ပွဲမစတင်မီကတည်းက နည်းပြဂျီးဆပ်က စီရော်နယ်ဒိုအတွက် ပွဲကစားခွင့် အာမခံချက်ပေးမည် မဟုတ်ဟု ပြောကြားခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးတင်းမာမှုများ ရှိလာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် စက်တင်ဘာ ၃၀ ရက်က နည်းပြ ဂျီးဆပ်နှင့် သီးသန့်တွေ့ဆုံမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အသင်းလေ့ကျင့်ရေး အစီအစဉ်မှ နုတ်ထွက်ခဲ့သကဲ့သို့ ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ အကြောင်းမကြားဘဲ အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကာ စပိန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် နည်းပြဂျီးဆပ်သည် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ဒိန်းမတ်အသင်းနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်တွင် စီရော်နယ်ဒိုကာလရှည် ဝတ်ဆင်လာခဲ့သည့် ကျောနံပါတ်(၇)ကို တောင်ပံကစားသမား ရာဖေးလီယိုထံ လွှဲပြောင်းခဲ့သကဲ့သို့ စီရော်နယ်ဒို၏ အသင်းခေါင်းဆောင်ရာထူးကိုလည်း ကွင်းလယ် ကစားသမား ဖာနန်ဒက်ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စီရော်နယ်ဒိုသည် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသေးသော်လည်း ပေါ်တူဂီအသင်းကစားသမားဘဝအနားယူရန် ဆုံးဖြတ်လာဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

## မြန်မာဖိုက်တာ နက္ခတ်မင်းနှင့် ထိုင်းဖိုက်တာ ဘူခေါတို့ ထိုးသတ်မည့်ပွဲစဉ်ကို ONE အဖွဲ့ချုပ်ရွှေ့ဆိုင်း




**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာဖိုက်တာ နက္ခတ်မင်းနှင့် ထိုင်းဖိုက်တာ ဘူခေါတို့ထိုးသတ်မည့်ပွဲစဉ်ကို ONE အဖွဲ့ချုပ်က ယနေ့တွင် ရွှေ့ဆိုင်းခဲ့သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

နက္ခတ်မင်းနှင့် ဘူခေါတို့သည် ယနေ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ONE Friday Fights 173 ပြိုင်ပွဲတွင် ထိုးသတ်ရမည်ဖြစ်သော်လည်း ONE အဖွဲ့ချုပ်က နက္ခတ်မင်းနှင့်ဘူခေါတို့တွဲဆိုင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့သော်လည်း မည်သည့်အကြောင်းပြချက်ကြောင့် ရွှေ့ဆိုင်းခဲ့သည်ကို မထုတ်ပြန်သေးခြင်းဖြစ်သည်။

ONE Friday Fights 173 ပြိုင်ပွဲ၌ နက္ခတ်မင်းနှင့် ဘူခေါတို့သည် ပြိုင်ပွဲ ဒုတိယပိုင်းတွင် အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်ရန် အစောပိုင်းက သတ်မှတ်ထားခြင်းဖြစ်သည်။

မြန်မာဖိုက်တာ နက္ခတ်မင်းသည် ONE အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ONE ပြိုင်ပွဲတွင် တစ်ပွဲထိုးသတ်ထားပြီး ရှုံးနိမ့်ထားကာ ယခုအခါ ဒုတိယပွဲစဉ်အဖြစ် ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ပြိုင်ဘက် ထိုင်းဖိုက်တာ ဘူခေါသည် နှစ်ပွဲထိုးသတ်ထားရာ နှစ်ပွဲလုံးအနိုင်ရရှိထားကာ တတိယမြောက်ပွဲစဉ်အဖြစ် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ၎င်းတို့ တွဲဆိုင်းကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး လာမည့်ပြိုင်ပွဲများမှသာ ထည့်သွင်းကျင်းပဖွယ်ရှိနေကြောင်း သိရသည်။ **STA**

## အာဂျင်တီးနားနိုင်ငံ၏ အကြီးမားဆုံးတက္ကသိုလ်ဖြစ်သည့် University of Buenos Aires (UBA) က မက်ဆီကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းမည်

**ဗျူနို့အေရိစ် အောက်တိုဘာ ၂**

အာဂျင်တီးနားနိုင်ငံ၏ အဆင့်အတန်းအမြင့်ဆုံးနှင့် အကြီးမားဆုံးတက္ကသိုလ်ဖြစ်သည့် University of Buenos Aires(UBA) က အာဂျင်တီးနားအသင်း ကစားသမားဟောင်းမက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် Doctor Honoris Causa ဘွဲ့ကို ဂုဏ်ပြုအပ်နှင်းမည်ဟု ထုတ်ပြန် ကြေညာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မက်ဆီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် အာဂျင်တီးနားအသင်းနှင့် ကာလရှည် ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ကိုပါအမေရိကဖလား၊ ကမ္ဘာ့ဖလားအပါအဝင် ဆုဖလား အများအပြား ဆွတ်ခူးခဲ့ပြီးနောက် ပြီးခဲ့သည့် ဩဂုတ်လက အာဂျင်တီးနားအသင်း ကစားသမားဘဝ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ နှစ်ပေါင်းအတန်ကြာ ပါဝင်ကစားခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ် အောင်မြင်မှုများရယူခဲ့သည့်အတွက် University of Buenos Aires(UBA) ကလည်း မက်ဆီကိုဂုဏ်ပြုသည့်အနေဖြင့် University of Buenos Aires(UBA) အသိအမှတ်ပြု ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် Doctor Honoris Causa ဘွဲ့ကို အပ်နှင်းမည်ဖြစ်ပြီး မက်ဆီ၏နောက်ဆုံးနှုတ်ဆက်ဂုဏ်ပြုပွဲအဖြစ် အောက်တိုဘာ ၆ ရက် အာဂျင်တီးနားအသင်းနှင့် ဘီနင်အသင်းတို့ကစားမည့်ပွဲစဉ်တွင် ချီးမြှင့်အပ်နှင်းမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : 365 Scores**
**Trs : STA**

# တနင်္ဂနွေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်တဲ့ ဂျာမနီအသင်း၊ နယ်သာလန်အသင်း၊ ပေါ်တူဂီအသင်းတို့ကို ရွေးရမှာပါ

ML



တနင်္ဂနွေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ ပရိသတ်အကြိုက်တွေ့တဲ့အသင်းတွေ များနေတာကိုတွေ့ရမှာပါ။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ ရှုံးပွဲကြုံထားတဲ့အသင်းတွေအနေနဲ့ အခုပွဲစဉ်မှာ ရမှတ်ရှာဖွေဖို့ကြိုးစားလာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ် တနင်္ဂနွေနေ့ညမှာတော့ ပရိသတ်စိတ်ဝင်စားမှုများတဲ့ ဩစတြီးယားအသင်း၊ အယ်ဘေးနီးယားအသင်း၊ စလိုဗက်ကီးယားအသင်းတို့ နိုင်ပွဲရခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ဂျာမနီအသင်းက ဂရိအသင်းကိုအိမ်ကွင်းမှာရှုံးပွဲကြုံခဲ့ပြီး ဂျော်ဂျီယာအသင်းကလဲ အိမ်ကွင်းမှာ ယူကရိန်းကိုရမှတ်ခွဲပေးလိုက်ရတာတွေ ကြောင့် အသင်းလိုက်ကစားအားကောင်း၊ မကောင်းကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာ အသင်းလိုက်ကစားအားကောင်းပြီး တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဂျာမနီ၊ နယ်သာလန်၊ ပေါ်တူဂီအသင်းတို့ကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### ဂျာမနီအသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A မှာ အကြိုက်တွေ့မိတာကတော့ ဂရိအသင်းနဲ့ ဂျာမနီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု A မှာ နယ်သာလန်အသင်း၊ ဆားဘီးယားအသင်းတို့တွေ့ဆုံနေတာကြောင့် အုပ်စုကျပ်တယ်လို့ဆိုရမှာပါ။ ပထမအကျော့ပွဲစဉ်မှာတော့ ဂျာမနီအသင်းအိမ်ကွင်းဖြစ်ပေမဲ့ ဂရိအသင်းက ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ပြန်လည်တုံ့ပြန်ခဲ့ရာမှာ ပွဲချိန် ၇၄ မိနစ်မှာဦးဆောင်ဂိုးရခဲ့လို့ ရှုံးပွဲကြုံခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိဂျာမနီအသင်းအနေနဲ့ နေးရှင်းလိဂ်ပွဲစဉ်သုံးပွဲကစားအပြီးမှာ ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယား တတိယနေရာမှာ ရောက်ရှိနေတာကြောင့် လိဂ် B ကိုတန်းဆင်းရဖို့ နီးစပ်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြကလော့အနေနဲ့ အသင်းရဲ့တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်ပြီး ဖလိုရီယန်ဝစ်၊အဒီရီမီ၊ဂနာဘရီတို့အတွဲကို အသုံးပြုလာမယ်ဆိုရင်တော့ အခုပွဲမှာပထမအကျော့က အမှားကိုပြန်လည်ချေဖျက်နိုင်ဖို့ သေချာမှာပါ။ ဒ့ါပြင် နည်းပြကလော့ရဲ့အတွေ့အကြုံနဲ့ နည်းစနစ်ကောင်းတွေကြောင့် အခုပွဲမှာ ဂရိကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဂရိအသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းဖြစ်ပေမဲ့ နည်းပြဂျိုဗန်နိုဗစ်က အသင်းလိုက်ကစားအားကိုအကောင်းဆုံးတည်ဆောက်နိုင်ခဲ့တာကြောင့် သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အမှတ်ပေးဇယားထိပ်မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ဂရိအသင်းအနေနဲ့ အခုပွဲကိုနိုင်ပွဲရခဲ့ရင်တော့ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးကောင်းတွေရှိလာခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့ပြိုင်ဘက်ဟာ ဂျာမနီအသင်းဖြစ်တာကြောင့် အခုပွဲမှာ အိမ်ကွင်းဖြစ်ပေမဲ့ ဂျာမနီအသင်းရဲ့တိုက်စစ်အားကို ထိန်းချုပ်ဖို့တော့မလွယ်ပါဘူး။ ဂရိအသင်းနည်းပြကတော့ ၄-၄-၂ ကစားကွက်မှာ ခံစစ်အားပြုကစားပြီး တောင်ပံတိုက်စစ်ကနေ တိုက်စစ်ဆင်နေတာဖြစ်လို့ အခုပွဲမှာ နည်းစနစ်ပိုင်းနဲ့ ကစားသမားစာရင်းပြောင်းလဲလာမဲ့ ဂျာမနီအသင်းကို ထပ်မံကျော်ဖြတ်ဖို့မဖြစ်နိုင်ပါဘူး။ နေးရှင်းလိဂ်ပြိုင်ပွဲကိုကြည့်ရင်လဲ ဂျာမနီအသင်းက ဂရိအသင်းထက် အသာရနေသလို လက်ရှိခြေစွမ်းပိုင်းမှာလဲ ဂျာမနီအသင်းက ပိုကောင်းနေတာကြောင့် ဒုတိယအကျော့ပွဲစဉ်မှာ ဂျာမနီအသင်းကိုပဲရွေးရမှာပါ။

**ဂျာမနီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီကွေဒေါ | ၂ | - | ၁ | ဂျာမနီ |
| ဂျာမနီ | ၁ | - | ၁ | ပါရာဂွေး |
| နယ်သာလန် | ၁ | - | ၁ | ဂျာမနီ |
| ဂျာမနီ | ၀ | - | ၁ | ဂရိ |
| ဂျာမနီ | ၂ | - | ၀ | ဆားဘီးယား |

**ဂရိအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွီဒင် | ၂ | - | ၂ | ဂရိ |
| ဂရိ | ၀ | - | ၁ | အီတလီ |
| ဆားဘီးယား | ၁ | - | ၂ | ဂရိ |
| ဂျာမနီ | ၀ | - | ၁ | ဂရိ |
| ဂရိ | ၂ | - | ၂ | နယ်သာလန် |

### နယ်သာလန်အသင်း နိုင်ပွဲရမှာပါ

နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ နယ်သာလန်အသင်းနဲ့ ဆားဘီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့မှာတော့ နယ်သာလန်အသင်းက နှစ်ဂိုး တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ နယ်သာလန်အသင်းကို နည်းပြသစ်ဇာဗီတာဝန်ယူနေတာဖြစ်လို့ နယ်သာလန်ရဲ့ ကစားကွက်နဲ့တိုက်စစ်ကစားပုံလဲ ပြောင်းလဲသွားတာကို သတိပြုရမှာပါ။ နည်းပြသစ်လက်ထက်မှာ နယ်သာလန်အသင်းဟာ ဘောလုံးကို ထိန်းချုပ်ပြီး ပြိုင်ဘက်ကို တစ်ဖက်သတ်ဖိအားပေးသွားတာကို ပြီးခဲ့တဲ့ ဂျာမနီအသင်း၊ ဆားဘီးယားအသင်းနဲ့ ပထမအကျော့ပွဲစဉ်တွေမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ အခုပွဲကို နိုင်ပွဲထပ်ရခဲ့ရင်တော့ အမှတ်ပေးဇယားအဆင့် (၁) ကို တက်ရောက်နိုင်ဖို့ အခွင့်အရေးရမှာသေချာပါတယ်။ လက်ရှိ သူတို့အသင်းရဲ့လူစာရင်းကတော့ ဥရောပထိပ်သီးကလပ်တွေမှာ ခြေစွမ်းပြသနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှုအကောင်းဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ ဒါကြောင့် ဆားဘီးယားအသင်းနဲ့တွေ့ချိန်မှာ နယ်သာလန်အနေနဲ့ရမှတ်ရှာဖွေရမှာဖြစ်လို့ ပွဲချိန်ပြည့် တိုက်စစ်မြှင့်ကစားမှာသေချာပါတယ်။

ဆားဘီးယားအသင်းကတော့ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ လူငယ်ကစားသမားကောင်းတွေ ပေါ်ထွက်လာခြင်းမရှိဘဲ အသက်အရွယ်ရလာတဲ့ ကစားသမားတွေကိုသာ အသုံးပြုနေရတာဖြစ်ပါတယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ဂရိအသင်းကိုတောင် အိမ်ကွင်းမှာထိန်းချုပ်နိုင်ခြင်းမရှိဘဲ တစ်ပွဲလုံးဂိုးပေါက်ထိရောက်မှု လေးကြိမ်သာ ကန်သွင်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲမှာ သူတို့အသင်းဦးဆောင်ဂိုးရခဲ့ပေမဲ့ ဒုတိယပိုင်းမှာကစားအားကောင်းလာတဲ့ ဂရိတိုက်စစ်ကို ဆားဘီးယားခံစစ်က ဟန့်တားနိုင်ခြင်းမရှိဘဲ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာလဲ ခံစစ်ပိုင်းကပွဲတိုင်းပေးဂိုးရှိခဲ့ပြီး စုစုပေါင်း ၁၄ ဂိုးထိ ခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ သမိုင်းတစ်လျှောက်တွေ့ဆုံခဲ့တဲ့နှစ်ကြိမ်မှာလဲ နယ်သာလန်အသင်းကပဲ နိုင်ပွဲရခဲ့တာကြောင့် အခုပွဲမှာလဲ ရမှတ်လိုအပ်ချက်ရှိနေတဲ့ နယ်သာလန်အသင်းပဲနိုင်ပွဲရမှာပါ။

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူနီးရှား | ၁ | - | ၃ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၁ | မော်ရိုကို |
| နယ်သာလန် | ၁ | - | ၁ | ဂျာမနီ |
| ဆားဘီးယား | ၁ | - | ၂ | နယ်သာလန် |
| ဂရိ | ၂ | - | ၂ | နယ်သာလန် |

**ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိတ်ဗာဒီ | ၃ | - | ၀ | ဆားဘီးယား |
| မက္ကဆီကို | ၅ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၁ | - | ၂ | ဂရိ |
| ဆားဘီးယား | ၁ | - | ၂ | နယ်သာလန် |
| ဂျာမနီ | ၂ | - | ၀ | ဆားဘီးယား |

### ပေါ်တူဂီအသင်းနဲ့ လက်တွဲရမှာပါ

နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပေါ်တူဂီအသင်းနဲ့ နော်ဝေအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဒီပွဲမှာတော့ သူတို့အသင်းရဲ့တိုက်စစ်ပိုင်းက သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့လို နှစ်ဂိုး တစ်ဂိုးနဲ့နိုင်ပွဲဆက်ခဲ့တာဖြစ်ပါတယ်။ အုပ်စုတတိယပွဲစဉ်မှာလဲ ဒိန်းမတ်အသင်းကို ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပြီး လေးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကြောင့် သုံးပွဲကစားအပြီး ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားထိပ်ကို ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ပေါ်တူဂီဟာ နေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းမှာတော့ ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်မှာ ဆုဖလားနှစ်ကြိမ်ရယူနိုင်ခဲ့ပြီး အောင်မြင်မှုအများဆုံးရရှိထားတဲ့အသင်းတစ်သင်းဖြစ်နေတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ လူငယ်ကစားသမားတွေနဲ့ ပုံစံကောင်းပြသနေတာကြောင့် နော်ဝေအသင်းကို အိမ်ကွင်းမှာ ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

နော်ဝေအသင်းဟာ နောက်ပိုင်းနှစ်တွေမှာ တိုက်စစ်မှူးဟာလန်း၊ ဆိုးလော့တို့လို ထိပ်တန်းအဆင့်ကစားသမားတွေ ပေါ်ထွက်လာတာကြောင့် အဓိကပြိုင်ပွဲတွေမှာ ပါဝင်ကစားခွင့်ရလာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဘရာဇီးအသင်းကိုနိုင်ပွဲရယူနိုင်ခဲ့ပြီး ၁၆ သင်းအဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကျဆင်းနေတာကိုတွေ့ရပြီး တိုက်စစ်ပိုင်းမှာလဲ ဟာလန်းနဲ့တွဲဆော့နိုင်တဲ့ အိုဒီဂတ်ခြေစွမ်းပြဖို့ ရှန်းကန်နေရတာဖြစ်ပါတယ်။ နော်ဝေအသင်းဟာ ပေါ်တူဂီအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်မှာလဲ သုံးပွဲရှုံးနိမ့်ထားတာကြောင့် အခုပွဲမှာ တိုက်စစ်ကစားပုံကောင်းပြီး တွေ့ဆုံမှုမှာအသာရထားတဲ့ ပေါ်တူဂီအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၂ | - | ၁ | ခရိုအေးရှား |
| ပေါ်တူဂီ | ၀ | - | ၁ | စပိန် |
| ပေါ်တူဂီ | ၁ | - | ၀ | ဝေးလ် |
| နော်ဝေ | ၁ | - | ၂ | ပေါ်တူဂီ |
| ဒိန်းမတ် | ၂ | - | ၄ | ပေါ်တူဂီ |

**နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရာဇီး | ၁ | - | ၂ | နော်ဝေ |
| နော်ဝေ | ၁ | - | ၂ | အင်္ဂလန် |
| နော်ဝေ | ၃ | - | ၂ | ဒိန်းမတ် |
| နော်ဝေ | ၁ | - | ၂ | ပေါ်တူဂီ |
| ဝေးလ် | ၂ | - | ၁ | နော်ဝေ |

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုအားပေး

သီရိသော်

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခန်းကဏ္ဍအသီးသီးကို မြင့်မားအောင်ကြိုးစားဆောင်ရွက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း နိုင်ငံ၏အဓိကအခန်းကဏ္ဍဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ထုတ်လုပ်မှုကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နိုင်ငံအတွင်း လိုအပ်သောကုန်ပစ္စည်းများကို မိမိနိုင်ငံအတွင်း လုံလောက်စွာထုတ်လုပ်နိုင်ခြင်းသည် စီးပွားရေးအတွက် ခိုင်မာသောအခြေခံ အုတ်မြစ်တစ်ရပ်ဖြစ်သည်။ ကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ ပြည်တွင်းဝင်ငွေများ တိုးတက်လာခြင်း၊ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ပြည်ပဈေးကွက်သို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် "နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုအားပေး"ဟူသော ရည်မှန်းချက်သည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးကြီးသော ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် သင့်လျော်သော လယ်မြေများ၊ သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါက ပြည်တွင်းစီးပွားရေးကို ပိုမိုခိုင်မာစေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လယ်ယာထွက်ကုန်များ၊ မွေးမြူရေးထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်းများနှင့် ဒေသတွင်းရရှိနိုင်သော ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် လိုအပ်ပေသည်။

**ပြည်တွင်းကုန်ထုတ်လုပ်မှု၏ အရေးပါမှု**

ကုန်ထုတ်လုပ်မှုဟုဆိုရာတွင် လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကုန်ကြမ်းများကို အသုံးပြု၍ အသုံးဝင်သော ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုကဏ္ဍတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်း၊ အစားအစာ ထုတ်လုပ်ရေး၊ လက်မှုလုပ်ငန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME)စသည့်ကဏ္ဍများစွာပါဝင်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာပါက ပြည်တွင်းစားသုံးသူများအတွက် လိုအပ်သောကုန်ပစ္စည်းများကို မိမိနိုင်ငံအတွင်းမှ ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ပြည်တွင်းထုတ်ကုန်များ ပိုမိုရရှိလာခြင်းသည် ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းမှုကို လျှော့ချစေနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးမြှင့်တင်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်သည်။

ထို့ပြင် ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့လာခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာခြင်းတို့ကြောင့် အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာနိုင်သည်။ အလုပ်အကိုင်များ တိုးပွားလာခြင်းနှင့်အတူ မိသားစုဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝလည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များကို ထုတ်လုပ်ပေးလျက်ရှိသည်။ သို့သော် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ဥပမာအားဖြင့် သစ်သီးများကို သစ်သီးအတိုင်း ရောင်းချခြင်းအပြင် သစ်သီးဖျော်ရည်၊ သစ်သီးခြောက်၊ ယိုနှင့်အခြားစားသောက်ကုန်များအဖြစ်

❖ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များကို ထုတ်လုပ်ပေးလျက်ရှိသည်။ သို့သော် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ဥပမာအားဖြင့် သစ်သီးများကို သစ်သီးအတိုင်း ရောင်းချခြင်းအပြင် သစ်သီးဖျော်ရည်၊ သစ်သီးခြောက်၊ ယိုနှင့်အခြားစားသောက်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်သည်။ ❖

ပြုပြင်ထုတ်လုပ်နိုင်သည်။

ထိုသို့ ပြုပြင်ထုတ်လုပ်ခြင်းဖြင့် ကုန်ကြမ်း၏ တန်ဖိုးကို ပိုမိုမြှင့်တင်နိုင်ပြီး ထုတ်လုပ်သူများအတွက် ဝင်ငွေတိုးပွားစေနိုင်သည်။ ထို့ပြင် ထုတ်ကုန်များ၏ သိုလှောင်နိုင်သည့်ကာလကိုလည်း တိုးမြှင့်နိုင်သောကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်သည်။ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍတို့ အပြန်အလှန်ချိတ်ဆက်နိုင်ပါက ပိုမိုကောင်းမွန်သော စီးပွားရေးကွင်းဆက်တစ်ရပ် ဖြစ်ပေါ်လာနိုင်သည်။ တောင်သူများထံမှ ရရှိသောကုန်ကြမ်းများကို စက်ရုံများက ဝယ်ယူပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ခြင်းတို့ပြုလုပ်နိုင်ပါက တောင်သူများအတွက် ဈေးကွက်ရရှိစေသကဲ့သို့ ထုတ်လုပ်ရေးလုပ်ငန်းများအတွက်လည်း ကုန်ကြမ်းရရှိစေနိုင်မည်ဖြစ်သည်။

**ဒေသတွင်းကုန်ကြမ်းများကို ထိရောက်စွာ အသုံးချခြင်း**

ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးတွင် ဒေသအလိုက် ရရှိနိုင်သော ကုန်ကြမ်းများကို ထိရောက်စွာ အသုံးချခြင်းသည်လည်း အရေးကြီးသည်။ ဒေသတစ်ခုတွင် ထွက်ရှိသော သီးနှံ၊ သစ်တောထွက်ပစ္စည်း၊ ဝါး၊ သတ္တုနှင့် အခြားကုန်ကြမ်းများကို ဒေသတွင်းတွင်ပင် ပြုပြင်ထုတ်လုပ်နိုင်ပါက တန်ဖိုးမြှင့်ထုတ်ကုန်များ ရရှိလာမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝါးကို ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းထက် ဝါးပရိဘောဂများ၊ အိမ်သုံးပစ္စည်းများ၊ အလှဆင်ပစ္စည်းများနှင့် အခြားတန်ဖိုးမြှင့်ပစ္စည်းများအဖြစ်ထုတ်လုပ်နိုင်သည်။ ထိုသို့ ဒေသထွက်ကုန်ကြမ်းကို ဒေသတွင်း၌ပင် ပြုပြင်ထုတ်လုပ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်သကဲ့သို့ ဒေသစီးပွားရေးကိုလည်း တိုးတက်စေနိုင်သည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍ**

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ထိုလုပ်ငန်းများသည် ဒေသအလိုက် ရရှိနိုင်သော ကုန်ကြမ်းများကိုအသုံးချ၍ ထုတ်ကုန်များ ထုတ်လုပ်နိုင်သကဲ့သို့ ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။ အသေးစားလုပ်ငန်းတစ်ခုမှစတင်၍ ထုတ်ကုန်အရည်အသွေးကောင်းမွန်လာခြင်း၊ ဈေးကွက်ကျယ်ပြန့်လာခြင်းနှင့် ထုတ်လုပ်မှုစွမ်းရည် တိုးတက်လာခြင်းတို့ဖြင့် ပိုမိုကြီးမားသော လုပ်ငန်းတစ်ခုအဖြစ် တိုးတက်လာနိုင်သည်။ ထိုသို့ လုပ်ငန်းများ တိုးတက်လာခြင်းသည် နိုင်ငံ့စီးပွားရေးအတွက်လည်း အကျိုးရှိစေမည်ဖြစ်သည်။ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်လိုအပ်ချက်ကို လေ့လာခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှုကို ကောင်းမွန်စွာဆောင်ရွက်ခြင်း၊ ထုတ်ကုန်အရည်အသွေးကိုမြှင့်တင်ခြင်းနှင့် နည်းပညာအသစ်များကို လေ့လာအသုံးချခြင်းတို့ကို အလေးထားသင့်သည်။

**ပြည်တွင်းထုတ်ကုန်များကို အားပေးသုံးစွဲခြင်း**

ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးတွင် ထုတ်လုပ်သူများ၏ ကြိုးပမ်းမှုအပြင် စားသုံးသူများ၏ အခန်းကဏ္ဍလည်း အရေးကြီးသည်။ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော ပြည်တွင်းထုတ်ကုန်များကို စားသုံးသူများက အားပေးဝယ်ယူသုံးစွဲပါက ထုတ်လုပ်သူများအတွက် ဈေးကွက်ရရှိစေမည်ဖြစ်သည်။ ဈေးကွက်တွင် ဝယ်လိုအားရှိလာပါက ထုတ်လုပ်သူများကလည်း ထုတ်လုပ်မှုကို တိုးမြှင့်ရန် ကြိုးပမ်းလာမည်ဖြစ်သည်။ ထုတ်လုပ်မှု တိုးလာသည်နှင့်အမျှ အလုပ်အကိုင်များ၊ ဝင်ငွေများနှင့် စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာနိုင်သည်။ ထို့ကြောင့် အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကိုအခြေခံ၍ ပြည်တွင်းထုတ်ကုန်များကို အားပေးသုံးစွဲခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သည်။

**နိုင်ငံ့စီးပွားရေးအတွက် ရရှိလာမည့်အကျိုးကျေးဇူးများ**

ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ပါက နိုင်ငံ့စီးပွားရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ ပထမဦးစွာ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်းထုတ်ကုန်များဖြင့် ဖြည့်ဆည်းနိုင်ခြင်းကြောင့် ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို အထောက်အကူပြုနိုင်သည်။ ဒုတိယအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများမှ အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည်။ တတိယအနေဖြင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ ရရှိစေနိုင်သည်။ ထို့ပြင် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးလာခြင်းသည် ဆက်စပ်လုပ်ငန်းများကိုပါ တိုးတက်စေနိုင်သည်။ ကုန်ကြမ်းပေးသွင်းသူများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ထုပ်ပိုးရေးလုပ်ငန်းများ၊ သိုလှောင်ရေးလုပ်ငန်းများနှင့် ဈေးကွက်ဖြန့်ဖြူးရေးလုပ်ငန်းများပါ ဖွံ့ဖြိုးလာနိုင်သည်။ ထိုသို့ စီးပွားရေးကဏ္ဍများ အပြန်အလှန် ချိတ်ဆက်တိုးတက်လာခြင်းသည် နိုင်ငံ့စီးပွားရေးကို ပိုမိုကျယ်ပြန့်စေမည်ဖြစ်သည်။

အချုပ်အားဖြင့် ကုန်ထုတ်လုပ်မှုသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။ ပြည်တွင်းကုန်ကြမ်းများကို ထိရောက်စွာအသုံးချခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ဈေးကွက်များချဲ့ထွင်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ပါက ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် ထုတ်ကုန်များ ပိုမိုရရှိလာခြင်းသာမက အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ မိသားစုဝင်ငွေများ မြင့်တက်လာခြင်း၊ ဒေသစီးပွားရေးများ ဖွံ့ဖြိုးလာခြင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာလာခြင်းနှင့် ပြည်ပဈေးကွက်များသို့ ဝင်ရောက်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ပေးခြင်းသည် နိုင်ငံ့စီးပွားရေးကို အားကောင်းခိုင်မာစေမည့် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

သို့ဖြစ်၍ "နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုအားပေး" ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ထုတ်လုပ်သူတိုင်းက ပစ္စည်းတစ်ခုချင်းစီ၏အရည်အသွေးကို အလေးထား၍ ကြိုးပမ်းကြရမည်ဖြစ်သည်။ နည်းပညာနှင့် လူသားအရင်းအမြစ်များကိုမြှင့်တင်ပြီး ပြည်တွင်း ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် စိုက်ပျိုးထုတ်ကုန်များကို ယခုထက်ပိုမိုကြိုးပမ်းထုတ်လုပ်ကြရန်လိုပြီး ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြုကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁၀-၅-၂၀၂၆ ထုတ် ကြေးမုံသတင်းစာ၊
  ၁၁-၆-၂၀၂၆ ထုတ် မြဝတီသတင်းစာ

# ကျောက်တံတားမြို့နယ်ရှိ Good Mood Art Gallery တွင် Gentle Spectrum Art Exhibition ပန်းချီပြပွဲပြုလုပ်မည်




**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Good Mood Art Gallery တွင် Gentle Spectrum Art Exhibition ပန်းချီပြပွဲကို အောက်တိုဘာ ၃ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသမည့်ပန်းချီ မိုးမြင့်ထံမှ သိရသည်။

အဆိုပါ Gentle Spectrum Art Exhibition တွင် ပန်းချီ ဟန်သာထွန်း၊ ခင်ခင်စိုး၊ မိုးမြင့်၊ စိုးစိုးဦး၊ ဝင်းဝင်းမာ၊ ဇော်ရီတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Good Mood Art Gallery မှာ ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီလက်ရာများစွာ ပါဝင်တဲ့ Gentle Spectrum Art Exhibition ပန်းချီပြပွဲကို အောက်တိုဘာ ၃ ရက်ကနေ အောက်တိုဘာ ၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ မိုးမြင့်က ပြောပြသည်။

ထိုပြပွဲတွင်ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၆x၂၄)လက်မ၊ (၂၄x၂၄)လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

# Miami Vice 85 ဇာတ်ကား၌ မင်းသား အင်ဒရူးရှ ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice 85 ရုပ်ရှင်ဇာတ်ကားတွင် မင်းသား အင်ဒရူးရှ ပါဝင်လာကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

Miami Vice 85 ဇာတ်ကားတွင် မင်းသား အင်ဒရူးရှသည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်များအတွင်း ထင်ရှားကျော်ကြားခဲ့သည့် NBC ရုပ်သံဌာန၏ Miami Vice ဇာတ်လမ်းတွဲကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်ဂျီရိုင်းက တာဝန်ယူရေးသားပေးထားသည်။

Miami Vice 85 ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် ရွှေထူး၊ ထက်ယံ၊ စုလှိုင်တို့၏ Song & Soul တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂**

တေးသံရှင် ရွှေထူး၊ ထက်ယံ၊ စုလှိုင်တို့၏ Song & Soul တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ အောက်တိုဘာ ၈ ရက်ညတွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ထက်ယံထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၊ ထက်ယံ၊ စုလှိုင်တို့၏ Song & Soul တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ Judson Entertainment ၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့်သီဆို ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Judson Entertainment ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ အောက်တိုဘာ ၈ ရက်မှာ ကိုရွှေထူး၊ စုလှိုင်တို့နဲ့အတူ Judson Entertainment မှာ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ Judson Entertainment ရဲ့ ပင်တိုင်အဆိုတော်တွေကလည်း ပါဝင်ဖျော်ဖြေကြမှာပါ။ နားထဲမှာ အခါခါ နားထောင်ခဲ့ဖူးတဲ့ သီချင်းစာသားတွေ၊ ရင်ထဲမှာ အကြိမ်ကြိမ်သဘောကျခဲ့ဖူးတဲ့ သံစဉ်တွေကို နားကြပ်ထဲမှာတင်မကဘဲ အနုပညာရှင်တွေနဲ့အတူ တစ်ထပ်တည်း သက်ဝင်ခံစားဖို့ မတူညီတဲ့ ဂီတစတိုင်တွေနဲ့ ဖျော်ဖြေပေးသွားမှာပါ"ဟု တေးသံရှင် ထက်ယံက ပြောပြသည်။




တေးသံရှင် ရွှေထူး၊ ထက်ယံ၊ စုလှိုင်တို့၏Song &Soul တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေမှုများနှင့်အတူ နာမည်ကျော် Dancers များက ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Return to you ဇာတ်ကား၌ မင်းသမီး လင်ဆေးလိုဟန် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Return to you အမည်ရှိ အချစ်ဒရာမာဇာတ်ကားတွင် မင်းသမီး လင်ဆေးလိုဟန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

Return to you ဇာတ်ကားတွင် မင်းသမီး လင်ဆေးလိုဟန်သည် မင်းသား ဟင်နရီဂိုးဒင်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် လင်ဆေးလိုဟန်သည် အထက်ပါ ရုပ်ရှင်ဇာတ်ကား၏ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

Return to you ဇာတ်ကားသည် အမျိုးသမီးရှေ့နေတစ်ဦးက သေလုဆဲဆဲ အမျိုးသမီးတစ်ဦး၏ ခင်ပွန်းသည်ကို ထိုအမျိုးသမီးထံမှရရှိသော ဒီဗီဒီဇာတ်ပြားချပ်ကို အသုံးပြု၍ ရှာဖွေခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး Return to you ဇာတ်ကားကို ဒါရိုက်တာ မာ့ဝါးတားက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ချမ်နယ်လာက ရေးသားပေးထားသည်။

လင်ဆေးလိုဟန်နှင့် မာ့ဝါးတားတို့သည် Freaky Friday (2003) နှင့် Mean Girls(2004)တို့တွင် လက်တွဲဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# အချစ်နှင့်ပေတံ ရုပ်သံဇာတ်လမ်း ကန်တော့ပွဲပေးအခမ်းအနားကို သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂**

Luxury Film Production က ရိုက်ကူးထုတ်လုပ်မည့် အချစ်နှင့်ပေတံ ရုပ်သံဇာတ်လမ်း ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အချစ်နှင့်ပေတံ ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရှိန်းသူက ရေးသားထားပြီး ဒါရိုက်တာ မင်းမြတ်စိုးစံက Luxury Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အချစ်နှင့်ပေတံ ဇာတ်လမ်းကတော့ Channel 24 မှာ Free to Air ထုတ်လွှင့်မဲ့ ကားလေးပါ။ ဒီဇာတ်လေးက အချစ်နဲ့ပတ်သက်တာလေးတွေကို ပေတံနဲ့တိုင်းတာလို့မရဘူးဆိုတာလေးကို ဟာသဇာတ်မြူးပုံစံလေး ပုံဖော်ကြမှာပါ။ ပရိသတ်တွေ ထုတ်လွှင့်ရင် အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ မင်းမြတ်စိုးစံက ပြောပြသည်။

အချစ်နှင့်ပေတံ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မင်းမြတ်စိုး၊ ဒေါင်းဝေ၊ တည်တံ့၊ ချစ်ခွန်းချို၊ ဟန်နီမောင်မောင်နဲ့ သရုပ်ဆောင်များစွာ ပါဝင်ကြမည်ဖြစ်ပြီး Channel 24 ရုပ်သံလိုင်းမှ တစ်ပိုင်းတည်း ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း ဒါရိုက်တာ မင်းမြတ်စိုးစံထံမှ သိရသည်။

ASH

# Commander-in-Chief of Defence Services General Ye Win Oo addresses opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet





Commander-in-Chief of Defence Services General Ye Win Oo delivers an address at the opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet.

**Nay Pyi Taw October 2**

The opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet took place at Zeyathiri Tatmadaw Sports Stadium in Nay Pyi Taw this evening, with a keynote address delivered by Commander-in-Chief of Defence Services General Ye Win Oo.

Also present at the ceremony together with the Commander-in-Chief of Defence Services were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nang Kue Ku, union ministers and wives, the Commander-in-Chief (Navy) and wife, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, officers, other ranks and families from the departments and offices of the Office of the Commander-in-Chief (Army, Navy and Air), senior officer trainees of the National Defence College, officers, other ranks and families from battalions and units under the Nay Pyi Taw Command, trainees of Tatmadaw Football Academy, invited guests and athletes.

First, the Tatmadaw (Army, Navy and Air) military band took positions in the stadium, followed by Flag Bearers and 17 sports teams led by the parade commander doing the same.

When the sports meet was declared open, Chairman of Armed Forces Sports and Physical Education Administrative Committee Adjutant-General Lt-Gen Zaw Hein and Commander of Nay Pyi Taw Command Maj-Gen Kyi Thaik released ballons with opening ceremony banners attached.

The Commander-in-Chief of Defence Services took the salute of the Flag Bearers and 17 sports teams led by the parade commander.

In his keynote address, Commander-in-Chief of Defence Services General Ye Win Oo said the goal of the Tatmadaw Sports Meets is to pave the way for military athletes to join national teams and bring honor to the country, and for the continuous emergence of new generation athletes.

The Tatmadaw opened the Tatmadaw Martial Arts and Sports Institute in 1997-1998 to provide support to development of Myanmar sports. The institute is still providing training for athletes to this date, and it has gained success to the level of bringing about national athletes, who brought honour to the country, in addition to sportsmen and sportswomen of the Tatmadaw (Army, Navy and Air).

Records show that military personnel were also included in the athletes who won medals in international games during the Golden Age. They brought honor to the State and the Tatmadaw in sporting events such as football, swimming, weightlifting and boxing not only in Asian level, but also at the World Olympics. Their achievements still remain as historic icons throughout the records to this very day.

The current sport meets included 12 sporting events. Looking back at the nation's history, it is evident that its people were physically and mentally outstanding, earning widespread respect and admiration as a strong and healthy nation. In a country where food is abundant, our ancestors enjoyed health and longevity because they lived and maintained a lifestyle in harmony with nature. Our ancestors never wasted their fitness and strength; they served their bounden national defence duties selflessly.

Regarding sports, records on seasonal festivals show that ancient monarchs had the tradition of organizing regatta festivals and equestrian festivals. In addition to the events in commemoration of various issues including religion, race and culture, regatta festivals and equestrian festivals were also held to recruit brave warriors for national defence. Sports based on physical strength are combined with mental ability to be supportive of the national defence.

Hence, the Tatmadaw is holding sporting events on the set dates in accord with ancient traditions for the emergence of outstanding athletes. To become a Tatmadaw athlete from platoon level to battalion level, division level, and command level opens a way for him to become a national athlete.

The Tatmadaw organizes performing arts competitions to preserve the nation's cultural heritage and emerge new generations. It also holds Tatmadaw (Army, Navy and Air) sports competitions such as this one to produce outstanding athletes, and provides naval and aviation training courses for students and young people during the summer school holidays as part of efforts to develop quality human resources for the country.

In addition, team managers and coaching staff should select athletes based on their actual skills and talent, rather than through personal connections or other considerations unrelated to sports. They should also demonstrate integrity and loyalty in carrying out their responsibilities for their respective teams.

It should be recognized that, in warfare, throughout the ages, determination to fight and an unwavering spirit of keeness to achieve vicory have continued to prove more effective and successful than numerical strength, superiority in manpower, or greater military might. In the recently concluded World Cup, there were also newly emerging teams from smaller countries that competed fearlessly against powerful and renowned teams.

Although they were facing stronger and more established teams that were superior in many respects, they played without fear and responded with strategic tactics, resulting in some of the major teams failing to achieve favourable results. This can also be attributed to the athletes' strong desire to win and determination to succeed.

Everyone should bear in mind that the mindset of believing that "I alone am capable, skilled, good and right" in sports competitions is the beginning of harming and undermining a team or organization. Team sports should also teach all that everyone should not rely excessively on any one individual, and that success can only be achieved when all team members are united and work together. He said he would like to therefore urge everyone to understand, learn from, and put these lessons into practice. If they do so, they will be able to achieve success not only in sports but also throughout their lives.

The athletes who have the opportunity to compete today in the respective Tatmadaw (Army, Navy and Air) sports competitions, which are contributing in various ways to the development of Myanmar's sports sector, need to compete with utmost determination to restore and enhance the proud image of Tatmadaw sports, which has a long and distinguished history.

While striving to achieve success for their respective teams, athletes should be happy when they win but also learn to accept defeat, thereby demonstrating good sportsmanship. They should cultivate the national awareness that promoting the sports sector is also, in its own way, a contribution to safeguarding the nation, and compete with unwavering perseverance and determination. They should also carry throughout their lives the conviction that, with good discipline and unity, they can confidently face and compete against any kind of opponent,

*See Page 13*



Military officers release balloons to open the 2026 Tatmadaw (Army, Navy and Air) Sports Meet.

*From Page 12*

and put this principle into practice. He urged them to continue striving, through the various Tatmadaw (Army, Navy and Air) sports competitions being organized with good intentions, to showcase their individual talents and abilities and become outstanding athletes who can serve as a source of strength and pride for the country and the Tatmadaw.

The contending teams together with the flag bearer led by the parade commander saluted the Commander-in-Chief of Defence Services and left there in a marching column form.

The Commander-in-Chief of Defence Services and attendees watched competition of the team representing the Camp Commandant's Office of the Office of the Commander-in-Chief (Army) and the team representing the Yangon Command in the second-round group match of the Defence Services Commander-in-Chief's Trophy Football Tournament.

In the match, both sides applied pressure in an effort to secure a favorable result. However, the team representing the Yangon Command was able to dominate possession through well-coordinated play and an effective game plan. At the final whistle, the Yangon Command team defeated the Camp Commandant's Office team, by 2 goals to 1.

A total of 12 sports events will be contested in the Tatmadaw (Army, Navy and Air) Sports Competitions through 16 October. The events include football, Sepak Takraw, futsal, Myanmar traditional martial arts (men's and women's), boxing, volleyball (men's and women's), athletics (men's and women's), judo (men's and women's), golf, Taekwondo, karate, and traditional cane-ball.

100

# YeU District to grow more than 1,000 acres of wheat this year

**YeU October 2**

Local authorities have earmarked cultivation of 1,100 acres of wheat as cold season crops in YeU District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 winter crop cultivation season, a total of 1,100 acres of wheat is targeted for cultivation in YeU District, with 577 acres in YeU Township and 523 acres in Taze Township, according to the YeU District Agriculture Department.

"This year, more than 1,000 acres of wheat are targeted for cultivation during the winter crop season in YeU District. We will make efforts to ensure that the target acreage is fully planted. We will conduct awareness-raising and educational discussions with farmers on wheat cultivation. To increase wheat yields, we will provide guidance on irrigation, fertilizer application rates and weed control. We will also provide assistance to increase wheat production and promote the use of quality and pure seeds," said Daw Zar Zar Min, District Agriculture Department Head of YeU District.

In YeU District, measures will be taken to ensure that all winter crops are cultivated to meet their respective target acreages, increase wheat yields, systematically produce high-quality wheat, and prevent pest and disease infestations, it is reported.

Regarding wheat cultivation, the cost of cultivating one acre of wheat is around K300,000, while an acre produces about 21 baskets of wheat.

Wheat is cultivated in October, November and December and harvested in February, March and April. Pure white wheat varieties are reportedly the most widely cultivated in Sagaing Township.

The respective Township Agriculture Departments in YeU District will provide wheat farmers with training and awareness programmes aimed at increasing wheat yields, assist them in obtaining quality and pure seeds, and sell pearl fertilizers at affordable prices. 206



A thriving wheat plantation.

# Record rain hits U.S. state Nebraska amid Midwest flooding

**Los Angeles October 2**

Record rainfall flooded roads and stranded motorists in Nebraska overnight into Thursday, while flash and river flooding continued in parts of Kansas and Missouri, the U.S. National Weather Service (NWS) reported.

Lincoln, Nebraska's state capital, recorded 156.2 millimeters of rain Wednesday, breaking its all-time single-day record of 138.4 millimeters set on Aug. 29, 1910, the NWS said.

Omaha received 120.4 millimeters of rain Wednesday, breaking the previous daily rainfall record of 50.3 millimeters set in 1911, according to the NWS.

The Nebraska State Climate Office said Lincoln had its wettest September on record, with 291.8 millimeters, while Omaha recorded its second-wettest September.

Lancaster County, which includes Lincoln, declared a local state of emergency Thursday.

The NWS said Gulf moisture and the remnants of former Hurricane Polo contributed to significant rainfall and flooding in eastern Nebraska and western Iowa. Flooding covered roads, submerged vehicles and triggered a mudslide near Crescent, Iowa, the agency said.

In northeastern Kansas and northwestern Missouri, flash and river flooding was ongoing Thursday afternoon, the NWS Kansas City office said. Radar estimates indicated widespread rainfall of about 51 to 102 millimeters since Tuesday.

The NWS issued a flash-flood emergency Tuesday after dam operators and county officials reported the imminent failure of McLeod Dam. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အစ္စရေးကုမ္ပဏီက အက်စ်တိုးနီးယားကုမ္ပဏီနှင့်ပူးပေါင်း၍ မောင်းသူမဲ့စနစ်များတွင် AI နည်းပညာ ထည့်သွင်းအသုံးပြုသွားမည်



အစ္စရေး Uvision ကုမ္ပဏီသည် အက်စ်တိုးနီးယား Lendurai ကုမ္ပဏီနှင့် ပူးပေါင်း၍ မောင်းသူမဲ့စနစ်များတွင် AI နည်းပညာ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပူးပေါင်းချက်အရ အက်စ်တိုးနီးယားနိုင်ငံအခြေစိုက် Lendurai ကုမ္ပဏီသည် ဒရုန်းများအတွက် အလိုအလျောက်လုပ်ဆောင်နိုင်သည့် ဆော့ဖ်ဝဲစနစ်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အစ္စရေးနိုင်ငံအခြေစိုက် Uvision ကုမ္ပဏီက အဆိုပါနည်းပညာကို မိမိတို့၏ မောင်းသူမဲ့စနစ်များအတွင်း ထည့်သွင်းအသုံးပြုမည်ဖြစ်သည်။ အစ္စရေးနှင့် အက်စ်တိုးနီးယားကုမ္ပဏီက အဆိုပါ စီမံကိန်းသည် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တပ်ဖွဲ့များအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားသည်။

Lendurai ကုမ္ပဏီ၏ နည်းပညာတွင် ကွန်ပျူတာဖြင့် ပုံရိပ်များကို ခွဲခြမ်းသိရှိနိုင်သည့် နည်းပညာနှင့် စက်သင်ယူမှုနည်းပညာတို့ကို အသုံးပြုထားပြီး ဒရုန်းများ၏ လမ်းကြောင်းရှာဖွေမှုကို အထောက်အကူပြုခြင်း၊ လူသားအော်ပရေတာများ၏ လုပ်ငန်းတာဝန်များကို လျှော့ချပေးခြင်းနှင့်ရှုပ်ထွေးသော စစ်ဆင်ရေးပတ်ဝန်းကျင်များအတွင်း မစ်ရှင်များကို မြှင့်တင်ပေးနိုင်သည်။

အက်စ်တိုးနီးယားနိုင်ငံအခြေစိုက် Lendurai ကုမ္ပဏီသည် မောင်းသူမဲ့ လေယာဉ်များအနေဖြင့် ဂြိုဟ်တုလမ်းညွှန်စနစ်များနှင့် အဆက်မပြတ် ရေဒီယိုဆက်သွယ်ထိန်းချုပ်မှုများအပေါ် မှီခိုမှုလျော့နည်းစွာဖြင့် အလိုအလျောက်ပျံသန်းဆောင်ရွက်နိုင်စေရန် ဆော့ဖ်ဝဲနည်းပညာများကို တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့၏ အလိုအလျောက်ထိန်းချုပ်ရေး ဆော့ဖ်ဝဲစနစ် Neocortex တွင် ပတ်ဝန်းကျင်အခြေအနေကို ပုံရိပ်ဖြင့် သိရှိနိုင်ခြင်း၊ လမ်းကြောင်းရှာဖွေခြင်းနှင့် ပစ်မှတ်အနီး နောက်ဆုံးအဆင့် လမ်းညွှန်ထိန်းချုပ်ခြင်း စွမ်းရည်များ ပေါင်းစပ်ထားသည်။

အဆိုပါစနစ်သည် ဒရုန်းပေါ်တွင် တပ်ဆင်ထားသည့် ကင်မရာများနှင့် အချက်အလက် တွက်ချက်ဆောင်ရွက်ပေးသည့် ကွန်ပျူတာစနစ်ကို အသုံးပြု၍ ဒရုန်းပတ်ဝန်းကျင်ရှိ အခြေအနေများကို သိရှိနားလည်နိုင်စေပြီး GPS သို့မဟုတ် အခြားပြင်ပ အချက်ပြဆက်သွယ်မှုများ မရရှိနိုင်သည့် ပတ်ဝန်းကျင်များတွင်ပင် လမ်းကြောင်းရှာဖွေ ပျံသန်းနိုင်ရန် အထောက်အကူပြုသည်။

ထို့ပြင် Lendurai ကုမ္ပဏီသည် မိမိတို့၏ အလိုအလျောက်လုပ်ဆောင်နိုင်စွမ်း နည်းပညာများကို ယူကရိန်းနိုင်ငံအတွင်း ဖြစ်ပွားနေသည့် စစ်ဆင်ရေးများနှင့်လည်း ဆက်စပ်ဖော်ပြထားပြီး Neocortex စနစ်ကို စစ်မြေပြင်အခြေအနေအတွင်း လက်တွေ့စမ်းသပ်အသုံးပြုပြီးဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အက်စ်တိုးနီးယားနိုင်ငံသည် စစ်ဘက်သုံး AI နည်းပညာနှင့် ဒရုန်းနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပိုမိုအလေးထား ဆောင်ရွက်လာလျက်ရှိသည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ AI အသုံးချမှုများအတွက် မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ထားခြင်းအပြင် ၂၀၂၆ ခုနှစ်တွင် ယူကရိန်းနိုင်ငံနှင့် ဒရုန်းနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားခြင်းလည်း ပါဝင်ကြောင်း သိရသည်။

**Uvision, Lendurai Team Up to Add AI to Military Drones** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်Boeing နှင့် Gogo ကုမ္ပဏီတို့က စစ်ဘက်သုံးဒရုန်းများတွင် မြန်နှုန်းမြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို တပ်ဆင်စမ်းသပ်ခဲ့

အမေရိကန် Boeing ကုမ္ပဏီနှင့် လေကြောင်းဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့် Gogo ကုမ္ပဏီတို့က စစ်ဘက်သုံးဒရုန်းများတွင် မြန်နှုန်းမြင့်ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို တပ်ဆင်စမ်းသပ်ခဲ့ကြောင်း The Drone Front သတင်းဌာနက စက်တင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစီမံကိန်းတွင် Gogo ကုမ္ပဏီ၏ Galileo HDX အင်တင်နာကို Boeing ၏ လက်အောက်ခံလုပ်ငန်းဖြစ်သည့် Insitu ၏ စစ်ဘက်သုံး Integrator ဒရုန်းတွင် အသုံးပြုနိုင်ရန် ပြုပြင်မွမ်းမံတပ်ဆင်ခဲ့ပြီး Eutelsat ကုမ္ပဏီ၏ OneWeb ကမ္ဘာ့မြေပြင်အနိမ့်ပတ်လမ်း (LEO) ဂြိုဟ်တုကွန်ရက်မှတစ်ဆင့် ကမ္ဘာတစ်ဝန်း အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ရန် စီစဉ်ထားသည်။

ယခု ဆက်သွယ်ရေးစနစ်သည် စစ်ဘက်သုံးဒရုန်းများအတွက် ဒေတာပမာဏမြင့်မားသော ဂြိုဟ်တုဆက်သွယ်ရေးကို အသုံးပြုရာတွင် Starlink အစားရွေးချယ်အသုံးပြုနိုင်မည့် အခြားနည်းလမ်းတစ်ရပ် ဖြစ်လာနိုင်သည်။

ထို့ပြင် အဆိုပါစနစ်တွင် လေယာဉ်၏ အရွယ်အစားနှင့် အလေးချိန်ကန့်သတ်ချက်များနှင့် ကိုက်ညီစေရန် ဒီဇိုင်းရေးဆွဲထားသည့် တစ်ယူနစ်တည်းသော အစားထိုးတပ်ဆင်နိုင်သည့် စနစ်အစိတ်အပိုင်းကို အသုံးပြုထားသည်။ ထို့ကြောင့် ဒရုန်း၏ ကိုယ်ထည်တည်ဆောက်ပုံကို ကြီးမားစွာ ပြုပြင်မွမ်းမံရန် မလိုအပ်ဘဲ တပ်ဆင်အသုံးပြုနိုင်သည်။

အဆိုပါ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် အမေရိကန်နိုင်ငံ၏ International Traffic in Arms Regulations (ITAR) စည်းမျဉ်းများအရ ထိန်းချုပ်မှု ကင်းလွတ်ထားသည့် စနစ်ဖြစ်သောကြောင့် နိုင်ငံတကာ စစ်ဘက်သုံးပစ္စည်း ဝယ်ယူသူများအတွက် ပြည်ပတင်ပို့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေနိုင်ကြောင်း သိရသည်။

စမ်းသပ်မှုများအတွင်း အဆိုပါဆက်သွယ်ရေးစနစ်ကို Boeing ကုမ္ပဏီ၏ ဒေါင်လိုက် အတက်၊ အဆင်း ပြုလုပ်နိုင်သည့် ဒရုန်းစနစ်နှင့် ပေါင်းစပ်အသုံးပြုခဲ့သည်။ ပင်လယ်ပြင်တွင် လှိုင်းကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများရှိသည့် အခြေအနေများ၌လည်း သင်္ဘောကုန်းပတ်နေရာ အနည်းငယ်သာ အသုံးပြု၍ ဒရုန်းကိုလွှတ်တင်ခြင်းနှင့် ပြန်လည်ဆင်းသက်စေခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြခဲ့သည်။

ယခုစမ်းသပ်မှုမှတစ်ဆင့် ဆက်သွယ်ရေးအနှောင့်အယှက်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဆိုင်ရာ အနှောင့်အယှက်များရှိနေသည့် စစ်ဆင်ရေးနယ်မြေများအတွင်း စစ်ဘက်တပ်ဖွဲ့များအနေဖြင့် တပ်ဖွဲ့အဆင့်ဆင့်ကြား ဆက်သွယ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဂြိုဟ်တုမှတစ်ဆင့် ဆက်သွယ်ကွပ်ကဲသည့် စနစ်များ၏အရေးပါမှု ပိုမိုမြင့်တက်လာနေကြောင်း ထင်ရှားစေသည်။



Boeing နှင့် Gogo ကုမ္ပဏီတို့ ပူးပေါင်းစမ်းသပ်သည့် အဆိုပါ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် စစ်ဘက်သုံးဒရုန်းများ၏ သတင်းအချက်အလက် ပေးပို့ခြင်းနှင့် အဝေးမှကွပ်ကဲ ထိန်းချုပ်ခြင်းစွမ်းရည်များကို ပိုမိုတိုးတက်နိုင်စေသည့် နည်းပညာတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ဆက်သွယ်ရေး အနှောင့်အယှက်များနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးဆိုင်ရာ အနှောင့်အယှက်များ ကြုံတွေ့နေရသည့် စစ်ဆင်ရေးနယ်မြေများတွင် မြေပြင်ဆက်သွယ်ရေး ကွန်ရက်များအပေါ် မှီခိုမှုကို လျှော့ချ၍ ဒရုန်းမှရရှိသည့် အာရုံခံအချက်အလက်များကို အဝေးမှ ကွပ်ကဲမှုဌာနများထံ အချိန်တိုအတွင်း ပေးပို့နိုင်ရန် အထောက်အကူပြုနိုင်သည်။

ထို့ပြင် လေယာဉ်ကိုယ်ထည်ကို ကြီးမားစွာ ပြုပြင်မွမ်းမံရန် မလိုအပ်ဘဲ တပ်ဆင် အသုံးပြုနိုင်ခြင်းနှင့် နိုင်ငံတကာ လက်နက်ကုန်သွယ်မှုဆိုင်ရာ အမေရိကန် စည်းမျဉ်းများမှ ကင်းလွတ်သည့် ဆက်သွယ်ရေးနည်းလမ်း ဖြစ်ခြင်းတို့ကြောင့် နိုင်ငံတကာစစ်ဘက်သုံးဒရုန်း ဈေးကွက်အတွင်း အသုံးချနိုင်မှု ပိုမိုကျယ်ပြန့်လာနိုင်သည်။ ထို့ကြောင့် အနာဂတ်စစ်ဆင်ရေးများတွင် ဒရုန်းတစ်စင်း၏ ပျံသန်းနိုင်စွမ်းတစ်ခုတည်းသာမက ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးကွန်ရက်၊ အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မှုနှင့် အဝေးမှကွပ်ကဲထိန်းချုပ်နိုင်မှုတို့သည် ဒရုန်းစနစ်၏ စစ်ဆင်ရေးစွမ်းရည်ကို ဆုံးဖြတ်ပေးမည့် အရေးပါသော အစိတ်အပိုင်းများ ဖြစ်လာကြောင်း သိရသည်။

**Boeing, Gogo Test Starlink Rival for Military Drones** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၄၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ပုလဲ အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၄၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၄၅၀၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ဖူးစားပြောင်း ဧက ၄၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အတွက် အသိပညာပေးဆောင်ရွက်သွားပါမယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ယခုနှစ် ပုလဲမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြေခြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)




လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းလှမြို့နယ် မင်းတဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



မင်းလှ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းတဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မင်းတဲကြီး ကျေးရွာ၌ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ဆီထွက် သီးနှံစိုက်ပျိုးကြသည့် အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၀၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းတဲကြီးကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၀၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုလေး

# ဇလွန်မြို့နယ်တွင် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိသာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက်တစ်ပိသာကို ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက်ကွမ်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်လုပ်သူတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်ကွမ်းတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ဇလွန်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။



ဇလွန်မြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ် အား ကောင်းလာသည့်အတွက် ကွမ်းရွက်စိုက်သူများ၊ ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ရွှေမြို့နယ် လွယ်ငြိမ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ အောက်တိုဘာ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ငြိမ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လွယ်ငြိမ့်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လွယ်ငြိမ့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ် စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာစဉ်။

## မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲအသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ်ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန် လိုအပ် . . .

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက ကွင်းအတွင်း ဆက်လက်နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်းကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများကိုဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။

မြန်မာ့အားကစားကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင်အောင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများသာမက မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများကိုပါ မွေးထုတ်နိုင်ခဲ့သည်ထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာ့အားကစားရွှေခေတ်ဟုဆိုရမည့်ကာလများမှာလည်း မိမိတို့တပ်မတော်သားများပါဝင်ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သည့်မှတ်တမ်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊အာရှအဆင့်အတွက်သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့ စသည့်အားကစားနည်းများတွင်နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ထက်တိုင် သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၁၂ မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာဇဝင်သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူမျိုးများအဖြစ် အများက လေးစားအားကျရလောက်သည်ထိ ကာယအား၊ ဉာဏအား ထွန်းပြောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆန်ရေစပါးပေါ်များသည့် မိမိတို့နိုင်ငံတွင် စားသောက်နေထိုင်မှုများကို သဘာဝနှင့်အညီ နေထိုင်ကျင့်ကြံခဲ့ကြ၍ မိမိတို့၏ဘိုးဘေးဘီဘင်များ အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မိမိတို့၏သန်စွမ်းကျန်းမာမှုများကိုအလဟဿ မဖြစ်စေဘဲကျရောက်လာသည့် သမိုင်းပေးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် ကိုယ်ကျိုးမငဲ့ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အားကစားနှင့်ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် လှေသဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့် အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီပွဲတော်မှတ်တမ်းများအရ သိရှိကြရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှုစသည့် အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံးကျင်းပခဲ့ကြသကဲ့သို့ လှေသဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက်သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့် ဉာဏပေါင်းစပ်ထားသည့် ကာယအားပြု အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့်လည်း ယနေ့အားကစားပြိုင်ပွဲ အသီးသီးကို သတ်မှတ်ကာလများတွင် ကျင်းပစေပြီး ထူးချွန်သည့် အားကစားသမားများပေါ်ထွန်းလာစေရန် ရှေ့အစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှတစ်ဆင့် တပ်မတော်ကိုယ်စားပြုအားကစားသမားတစ်ယောက်ဖြစ်လာခြင်းသည် နိုင်ငံ့လက်ရွေးစင်အားကစားသမားတစ်ယောက်ထပ်မံဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကောင်းတစ်ရပ်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေဘဲ မျိုးဆက်သစ်များပေါ်ထွန်းစေရန် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားသမားကောင်းများပေါ်ထွက်အောင် ယခုကဲ့သို့(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသားလူငယ်များအတွက် ရေကြောင်း၊ လေကြောင်းသင်တန်းများ ဖွင့်လှစ်သင်ကြား

---

🏳 ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင် ခေါ် ဦးနော်တောင်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်၊ အတွင်းရေးမှူး ဦးသန်းအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပေးနိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများကို အသေးစိတ်စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မူလခန့်မှန်းခြေတွင် ခွင့်ပြုထားမှု၊ သုံးစွဲပြီးနှင့် သုံးစွဲရန်ကျန်သည့်အခြေအနေ၊သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့်ငွေပမာဏကိုလည်း စိစစ်ရန်လိုအပ်ပါကြောင်း။

စီးပွားရေးအဖွဲ့အစည်းများကိုနောက်ထပ်ဘဏ္ဍာငွေခွဲဝေပေးခြင်းအားဖြင့် ထပ်မံတိုးတက်ရရှိလာမည့် ဝင်ငွေအခြေအနေကိုလည်း တွက်ဆသင့်ပါကြောင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့်ငွေများဖြစ်သောကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေများကိုလည်း ပေးသွင်းသည့်ဌာနနှင့် လက်ခံသည့်ဌာနတို့တွင် နှစ်ဖက်စာရင်းသွင်းမှုအခြေအနေကိုလည်း စိစစ်ရန်လိုပါကြောင်း။

ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းအရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုမပြုနိုင်သည့်အပြင် ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေပြီးစီးအောင် ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများနှင့်ယင်းတို့၏ပကတိအခြေအနေကိုသုံးသပ်တွက်ချက်ပြီး စိစစ်ဆောင်ရွက်ရန်လိုပါကြောင်း။

စိစစ်ပြီးနောက် မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် လိုအပ်လာသည့်အသုံးစရိတ်၊ အမှန်တကယ်ထပ်မံလိုအပ်သောလစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေနှင့် နိုင်ငံတော်၏လိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံသည့် အသုံးစရိတ်များကိုသာ ခွင့်ပြုရန်လိုအပ်ပါကြောင်း။

ဥပဒေကြမ်းများကိုစိစစ်ရာတွင် အားနည်းချက်၊အားသာချက်များကိုအခြေခံပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အားနည်းချက်များကို ပြန်လည်သုံးသပ် ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စေနိုင်မည်ဖြစ်ပါကြောင်း။

ရငွေ၊ သုံးငွေများ စိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်သည် လွှတ်တော်၏လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မိမိတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျသိရှိနားလည်ရန်လိုအပ်သကဲ့သို့ လုပ်ပိုင်ခွင့်ထက်ကျော်လွန်ဆောင်ရွက်ခြင်းများ မပြုလုပ်မိရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး၊ မေးမြန်းခြင်းသည် လွှတ်တော်၏ Oversight





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ မြန်မာ့သိုင်း(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ ဂျူဒို(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးပြိုင်ပွဲ ဟူသည့်အားကစားနည်းအမျိုးအစား ၁၂ မျိုးကို အောက်တိုဘာ ၁၆ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ် . . .**

ပေးခြင်းများသည် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ထို့ပြင် အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအနေဖြင့်လည်း အားကစားသမားရွေးချယ်ခြင်းကိစ္စရပ်များတွင် အမှန်တကယ်ခြေစွမ်းခြေစရှိသူများကို ရွေးထုတ်ပေးကြရန်လိုပြီး အားကစားနှင့်မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးများကတစ်ဆင့် ရွေးချယ်ခြင်းမပြုကြရန်နှင့် အသင်းတာဝန်ရှိသူများ၏သစ္စာတရားကိုပြသကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်ပွဲတစ်ပွဲတွင် အင်အားနည်းခြင်း၊ များခြင်း၊ လက်နက်အင်အား သာလွန်ခြင်းများထက် တိုက်ပွဲဝင်လိုစိတ်ပြင်းပြမှုနှင့် အနိုင်မခံအရှုံးမပေးစိတ်များကသာ ခေတ်အဆက်ဆက်တွင် ထိရောက်အောင်မြင်မှုရနေဆဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် အင်အားကြီးနာမည်ကျော်အသင်းကြီးများကို အကြောက်အရွံ့ကင်းမဲ့စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည့် မျက်နှာသစ်ပြိုင်ပွဲဝင် နိုင်ငံငယ်အသင်းများကို တွေ့ရှိခဲ့ရကြောင်း။

မိမိတို့ထက် အစစသာလွန်သည့်အသင်းကြီးဖြစ်သော်လည်း အကြောက်တရားမထားဘဲ ဗျူဟာမြောက်ကစားကွက်များနှင့် တုံ့ပြန်ကစားခဲ့သဖြင့် အသင်းကြီးအချို့ရလဒ်မကောင်းခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းသည် အားကစားသမားများ၏ နိုင်ချင်စိတ်၊ အောင်မြင်ချင်စိတ်ရှိခြင်းကြောင့်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲတွင် မိမိသာလျှင် "တော်သည်၊ တတ်သည်၊ ကောင်းသည်၊ မှန်သည်"ဆိုသည့် အစွဲသည် အသင်းအဖွဲ့တစ်ခုကို ထိခိုက်ပျက်စီးစေခြင်း၏အစဖြစ်ကြောင်းကို အားလုံးသတိပြုကြရန်လိုကြောင်း၊ အသင်းလိုက်ကစားရသည့်ပြိုင်ပွဲများတွင် တစ်ဦးတစ်ယောက်အပေါ် လွန်ကဲစွာမှီခိုခြင်း မပြုသင့်ကြောင်း အသိတရားတစ်ခုကို အားကစားပွဲများကတစ်ဆင့်ရရှိစေပြီး အသင်းသားတိုင်းညီညွတ်စုစည်းကြမှသာ အောင်မြင်မှုရရှိမည်ဆိုသည်ကိုလည်း သင်ခန်းစာရရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါသင်ခန်းစာများကို အားလုံးနားလည်သိရှိပြီး လိုက်နာကျင့်သုံးမည်ဆိုပါက အားကစားတွင်သာမက ဘဝလမ်းကြောင်းများတွင် အောင်မြင်မှုများရရှိကြမည်ဖြစ်ကြောင်းကို တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ အသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ်ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန် လိုအပ်ကြောင်း။

မိမိအသင်းအတွက် အောင်မြင်မှုရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရလျှင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်းလက်ခံနိုင်သူများဖြစ်အောင်ကြိုးစားပြီး အားကစားသမားကောင်း စိတ်ဓာတ်ကိုပြသကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဆိုသည့် အမျိုးသားရေးခံယူချက် အသိတရားမွေးမြူပြီး မလျှော့သောဇွဲလုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရန်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုရှိပါက မည်သို့သောပြိုင်ဘက်မျိုးကိုမဆို ရင်ဆိုင်ယှဉ်ပြိုင်ဝံ့သည်ဆိုသည့် အသိတရားတစ်ခုကိုလည်း ဘဝတစ်သက်တာလုံးလက်ကိုင်ထားပြီး လိုက်နာကျင့်သုံးသွားကြရန်၊ ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပပေးလျက်ရှိသည့် မိမိတို့၏ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးကတစ်ဆင့် ကိုယ်စီရှိထားကြသည့်အရည်အချင်းအသီးသီးကိုဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားပြုရသည့် အားကစားသမား ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေးအပြန်အလှန်ဖိအားပေးကစားခဲ့ကြသော်လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ မြန်မာ့သိုင်း(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ ဂျူဒို(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲနှင့်ရိုးရာခြင်းလုံးပြိုင်ပွဲ ဟူသည့်အားကစားနည်းအမျိုးအစား ၁၂ မျိုးကို အောက်တိုဘာ ၁၆ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

လုပ်ငန်း၊ ဘတ်ဂျက်စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်များရှာဖွေစုဆောင်းခြင်းသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် သတိထားဂရုပြုပြီး ဆောင်ရွက်စေလိုပါကြောင်း။

ဥပဒေကြမ်းများ စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ စိစစ်ရမည်ဖြစ်ပြီး စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများကို အချိန်မီပေးပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဥပဒေကြမ်းတွင်ပါဝင်သည့်အသုံးစရိတ်များ စိစစ်ရန်ကိစ္စနှင့်စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသွားမည်ဖြစ်သကဲ့သို့ တက်ရောက်လာကြသည့် လွှတ်တော်အကြီးအမှူးများနှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဥပဒေကြမ်းစိစစ်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ရငွေသုံးငွေစာရင်းများ၏ မှန်ကန်တိကျမှုရှိစေရန်နှင့် ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေလိုအပ်ပြီး အမှန်တကယ်သုံးစွဲပြီးစီးနိုင်မည့် ဦးစားပေးအသုံးစရိတ်များကို အဓိကထားစိစစ်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို သတ်မှတ်ရက်များအတွင်း တင်သွင်း၊ စိစစ်၊ ဆွေးနွေး၊ ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ကော်မတီများနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုဘတ်ဂျက်စိစစ်မှုနှင့် အစီရင်ခံစာများကို အချိန်မီတင်ပြနိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပူးပေါင်းကော်မတီဝင်များနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချိန်အတွင်းပြီးစီးနိုင်ရေး လက်ရှိလုပ်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘုရားပတ်ဝန်းကျင်နှင့် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ပြည်သူ့စစ်မှုထမ်းပြီးစီးသူများကို ပြည်ပအလုပ်အကိုင်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူတိုင်းရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို ကုန်ခြောက်ပစ္စည်းများနှင့် ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ကိုးခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့ကို သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်နှင့်အညီ သမိုင်းဝင်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်ရေး လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ ညွှန်ကြားထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သမိုင်းဝင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းနှင့် ဘုရားကြီးအနီးရှိ ဗိုလ်တထောင်ဆိပ်ကမ်းကို ဘုရားဖူးလာရင်းနှင့်တစ်ဆက်တည်း အပန်းဖြေသွားလာနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လေ့လာသုံးသပ် လျာထားလျက်ရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ဆန္ဒရှိသူများကို ပြည်ပအလုပ်အကိုင်ရရှိရေးမည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ကာလပြည့်မြောက်သည်ထိ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ပြည်ပတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသူများကို ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေး၊ ဝန်ဆောင်ခများသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများဖြင့် ချိတ်ဆက်ညှိနှိုင်းပြီး အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ စာရင်းပြုစုခြင်း၊ သွားရောက်လိုသည့် နိုင်ငံအပေါ်မူတည်၍ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းများပို့ချခြင်း၊ ပြည်ပသို့စေလွှတ်ရေးလုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်၍ ပြည်ပသို့စေလွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ်ခံစားခွင့်မရှိသည့် နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၊ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ၊ မြို့များသို့ ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နည်းဥပဒေ ၁၅၃ နည်းဥပဒေခွဲ(ခ)အရ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့်ဒေသသို့ ယာယီပြောင်းရွှေ့ရပါက ယင်းသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း၌ သတ်မှတ်ချက်များနှင့် ညီညွတ်မှသာလျှင် ဒေသစရိတ်ဆက်လက်ခံစားခွင့်ရှိပါကြောင်း၊ အဆိုပါ သတ်မှတ်ချက်များမှာ ယာယီပြောင်းရွှေ့သည့်ကာလသည် ကူးပြောင်းချိန်မပါဝင်ဘဲ လေးလထက်မကျော်လွန်ခြင်း၊ ယာယီပြောင်းသည့်ကာလကုန်ဆုံးလျှင် ဝန်ထမ်းကို ဒေသစရိတ်ခံစားခွင့်ရှိသည့် ရာထူးသို့ ပြန်လည်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းဖြင့် ပြောင်းရွှေ့မိန့်တွင် ထည့်သွင်းဖော်ပြပါရှိခြင်း၊ ယာယီပြောင်းရွှေ့သည့်ကာလတွင် ဝန်ထမ်းနှင့်အတူနေပြီး ဝန်ထမ်းအပေါ်တွင် လုံးဝမှီခိုနေရသည့် ဇနီးသို့မဟုတ် ခင်ပွန်း၊ သားသမီးများ (လင်ပါမယားပါသားသမီးများနှင့် တရားဝင်မွေးစားသားသမီးများအပါအဝင်)ဖြစ်သော မိသားစုသည် မူလရာထူးတည်ရာဖြစ်သည့် ဒေသစရိတ်ခံစားခွင့်ရှိသောဒေသ၌ ဆက်လက်နေထိုင်လျက်ရှိခြင်းတို့ဖြစ်ပါကြောင်းနှင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီးအခြေအနေအရ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၊ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ၊ မြို့များသို့ ယာယီပြောင်းရွှေ့(တွဲဖက်) တာဝန်ထမ်းဆောင်နေကြရသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ(ခ)ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိလျှင် ဒေသစရိတ်ကို ခံစားခွင့်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးနေသော်လည်း (ပုံစံ-၇) အမည်ကွဲမှုကြောင့် ချေးငွေမရခြင်းကို ထုတ်ချေးပေးနိုင်ရေး စီစဉ်ပေးရန်နှင့် တောင်သူတိုင်း ရရှိနိုင်ရေးအတွက် မည်သို့ပြုလုပ်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရိုင်၊ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအနေဖြင့် (ပုံစံ-၇) အမည်ပေါက်ကွဲလွဲသူ တောင်သူများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ရှိပိုင်ဆိုင်သူအမည်သို့ အမည်ပေါက်ပြောင်းလဲရေးကို မြန်ဆန်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် တောင်သူများကို အသိပညာပေးရှင်းလင်းပြောကြားခြင်း၊ အမည်ပြောင်းလျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာလုပ်ကိုင်သူတောင်သူများအနေဖြင့် ၎င်းတို့၏လယ်ယာမြေပိုင်ဆိုင်မှု စနစ်တကျခိုင်မာစေရန်၊ လယ်ယာမြေပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုမဖြစ်စေရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရန်အတွက် (ပုံစံ-၇)အမည်ပြောင်းဆောင်ရွက်ခြင်း၊ (ပုံစံ-၇)မရရှိသေးသည့် တောင်သူများအနေဖြင့်လည်း (ပုံစံ-၇)ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနှင့်လည်း နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် (ပုံစံ-၇)မူရင်းရရှိပြီးသည့် တောင်သူတိုင်း စိုက်ပျိုးစရိတ်ချေးငွေ လက်လှမ်းမီရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးရာတွင် (ပုံစံ-၇) အမည်ကွဲလွဲနေသော်လည်းလည်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများ ချေးငွေထုတ်ချေးခွင့်ရရှိစေရေး ဖြေလျှော့ဆောင်ရွက်ထားပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိပါကြောင်း ဖြေကြားသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးမျိုးသန့်၏ **နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့်ဝန်ထမ်းများအတွက် ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေ၊ ဘတ်ဂျက်ခံနိုင်ရည်ရှိမှုအခြေအနေနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့အပေါ်မူတည်၍ စိစစ်သုံးသပ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် အငြိမ်းစားယူမည့်ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် ရာထူးအဆင့်အလိုက် သတ်မှတ်ချိန်နှုန်းလစာ အပြင် အပိုထောက်ပံ့ကြေး၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်၊ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့်ဒေသစရိတ်များ၊ တာဝန်ဖြင့် ခရီးသွားလာခြင်းအတွက် အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်၊ ခရီးသွား နေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် သီးခြားသတ်မှတ်ချက်များဖြင့် ခံစားခွင့်ပြုထားသည့် စရိတ်များနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာအပြင် အပိုထောက်ပံ့ကြေးတို့ကို ခံစားခွင့်ပြုလျက်ရှိနေခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့်ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရက လတ်တလောတွင် ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ် အလမျိုးကျေးရွာထိပ်မှ အလမျိုးအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းကို ပြန်လည်အဆင့်မြှင့်တင်ပြင်ဆင်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အလမျိုးကျေးရွာအဝင်လမ်းထိပ်မှ အလမျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းသည် အလမျိုး-တောင်စုလမ်းအတွင်းပါဝင်ပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class -A လမ်းဖြစ်၍ ဒုတိယဦးစားပေးအဆင့်တွင် ပါဝင်ပါကြောင်း၊ အဆိုပါ အလမျိုး-တောင်စုလမ်းသည် စုစုပေါင်းလမ်းအရှည် တစ်မိုင်ရှိပြီး ၇ ဒသမ ၁၂ ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်၍ ကျန် သုည ဒသမ ၈၈ ဖာလုံမှာ ကျောက်ကြမ်းလမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းသည် ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီး နှစ်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိပါကြောင်း။

အဆိုပါ အလမျိုးကျေးရွာအဝင်လမ်းထိပ်မှ အလမျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ အရှည်ပေ ၂၀၀၀ ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၁၈ ဒသမ ၁၄၀ သန်းကုန်ကျမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်း အရှည် ပေ ၈၀၀ ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ကျိုက်လတ်မြို့နယ် အောက်ဆင်ကူး-ပေချောင်ကျေးရွာချင်းဆက် မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အောက်ဆင်ကူး - ပေချောင် ကျေးရွာချင်းဆက်လမ်းသည် အမာခံလမ်း သုံးဖာလုံ၊ မြေသားလမ်း ၄မိုင် သုည ဒသမ ၅ ဖာလုံ စုစုပေါင်းအရှည် ၄ မိုင် ၃ ဒသမ ၅ ဖာလုံရှိ Class-C အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁ ဖာလုံ အမာခံလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး (ပြင်၊ ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း သုံးဖာလုံကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လတ်တလောဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးနှင့် မြိုင်သာယာကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကြခတ်ကုန်းလေးကျေးရွာနှင့် မြိုင်သာယာကျေးရွာချင်းဆက်လမ်းသည် ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံရှိပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသော Class -B အဆင့် မြေသားလမ်းဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြေသားလမ်း ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ယခုအခါ သွားလာရန်ခက်ခဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းကို မြေသားတာပေါင်ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

အဆိုပါ ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံအနက်မှ ၁ မိုင် ၄ ဒသမ ၅၃ ဖာလုံကို ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဦးတင်ဦး၏ **အိမ်မဲမြို့နယ် အိမ်မဲ – ဝါးခယ်မကားလမ်းမှ ကြာတန်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာအုပ်စုချင်းဆက်လမ်း၏ မြေသားလမ်းကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်မဲ–ဝါးခယ်မ ကားလမ်းမှ ကြာတန်းလမ်းသည် ပြည်ထောင်စုက စီမံခန့်ခွဲသော Class–A အဆင့်ဖြစ်ပြီး ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ၃ ဒသမ ၅၂ ဖာလုံ စုစုပေါင်း ၆ မိုင် ၅ ဒသမ ၅၂ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ခုနစ်ဖာလုံ၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် သုံးဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် အရှည် နှစ်ဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာနှစ်ကုန်တွင် ကျောက်ချောလမ်းအရှည်စုစုပေါင်း ၁ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသောမြေသားလမ်း အရှည် ၅ မိုင် ၁ ဒသမ ၅၂ ဖာလုံမှာ မိုးရာသီကာလတွင် သွားလာရခက်ခဲလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေတင်သွင်းသည့် **“မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍတိုးတက်ခြင်းသည် လယ်သမားများ၏ ဝင်ငွေတိုးတက်ရေးတစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အရေးကြီးပါကြောင်း၊ သို့သော် ယနေ့အချိန်ထိ လယ်ယာလုပ်ငန်းအများအပြား၌ လူအား၊ တိရစ္ဆာန်အားနှင့် ရိုးရာလယ်ယာကိရိယာများကို အားထားရဆဲဖြစ်ကြောင်း၊ ယင်းသို့လုပ်ကိုင်ရခြင်းကြောင့် လုပ်သားလိုအပ်ချက် များပြားခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရာသီအလိုက် လုပ်သားရှားပါးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကြောင့် စက်မှုလယ်ယာစနစ်ကို ဥပဒေ၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအားနှင့် ဈေးကွက်တို့ တစ်ပြိုင်တည်းချိတ်ဆက်ပေးသည့် စနစ်တစ်ခုအဖြစ် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းဆိုသည်မှာ လယ်သမားများ၏ အချိန်ကို တန်ဖိုးထားခြင်း၊ လုပ်အားကိုသက်သာစေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာစေခြင်းနှင့် ကျေးလက်စီးပွားရေးကို ခေတ်မီအောင်ပြောင်းလဲခြင်းတို့ဖြစ်ပါကြောင်း၊ လယ်သမားများကို ဗဟိုပြု၍ စက်ယန္တရားငှားရမ်းခြင်းဝန်ဆောင်မှု၊ ဈေးငွေနှင့် ထောက်ပံ့ရေးစနစ်၊ လယ်ယာအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားဖွံ့ဖြိုးရေး၊ စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ယူမှုရှိသော ဈေးကွက်စနစ်တို့ကို တစ်စုတစ်စည်းထည့်သွင်းထားသည့် ဥပဒေတစ်ရပ်ရေးဆွဲရန် အထူးလိုအပ်လျက်ရှိပါကြောင်းနှင့် အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး**က လယ်ယာလုပ်ငန်းတွင် အချိန်သည် အလွန်အရေးကြီးပါကြောင်း၊ စိုက်ချိန်နောက်ကျလျှင် ရိတ်သိမ်းချိန်နှင့် ထွက်နှုန်းကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဆိုသည်မှာ စက်ယန္တရားတစ်စီးဝယ်ပေးခြင်းမျှမဟုတ်ဘဲ တောင်သူ၏အလုပ်ကို အချိန်မီပြီးမြောက်စေပြီး တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်ပေးနိုင်သည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ တောင်သူများအတွက် စက်ယန္တရားကို တစ်ဦးချင်းဝယ်ယူပိုင်ဆိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေတွင် “တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရမည်” ဆိုသည့်ပုံစံထက် “တောင်သူတိုင်း လိုအပ်သည့်အချိန်တွင် စက်အသုံးပြုခွင့်ရရှိရမည်” ဆိုသည့်မူကို အခြေခံသင့်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းဝန်ဆောင်မှုစနစ်၊ စက်ဝန်ဆောင်မှုစခန်းများ၊ အရစ်ကျငွေပေးချေမှု၊ သင့်လျော်သောချေးငွေ၊ စက်ပြုပြင်ရေးနှင့် အပိုပစ္စည်းရရှိရေးတို့ကို ဥပဒေဖြင့်အားပေးသင့်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာသည် တောင်သူ၏လုပ်အားကို သက်သာစေခြင်း၊ အချိန်မီလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်ခြင်းနှင့် ဝင်ငွေတိုးတက်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အဆိုသည် စက်ဝယ်ယူရေးအဆိုမဟုတ်ဘဲ တောင်သူများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးအခြေအနေ မြှင့်တင်ရေးအဆိုဖြစ်ပါကြောင်း၊ အလားတူ စက်ဝန်ဆောင်မှုစခန်း၊ ငှားရမ်းခနှုန်းထားဆိုင်ရာ မူဝါဒ၊ စက်ပြုပြင်ထိန်းသိမ်းရေးနှင့် တောင်သူအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းပေးရန် အကြံပြုအပ်ပါကြောင်း၊ တောင်သူတိုင်း စက်မပိုင်နိုင်သော်လည်း တောင်သူတိုင်း စက်အသုံးပြုခွင့်ရရှိနိုင်ရေးသည် စက်မှုလယ်ယာဖွံ့ဖြိုးရေး၏ အခြေခံရည်မှန်းချက်ဖြစ်သင့်ပါကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးတွင် “ဘဏ္ဍာရေးစနစ်” သည် အခြေခံကျသောအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် စက်ဝယ်ယူရန် ချေးငွေ၊ အရစ်ကျစနစ်၊ ငှားရမ်းဝယ်ယူစနစ်နှင့် စက်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရင်းအနှီးပံ့ပိုးမှုတို့ကို စနစ်တကျတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် သီးခြားဘဏ္ဍာရေးမူဝါဒတစ်ရပ် ချမှတ်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို စနစ်တကျပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ပါက လယ်ယာလုပ်ငန်းများ၏ စက်မှုလယ်ယာအသုံးပြုမှု တိုးတက်လာပြီး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်ထိရောက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်သားလိုအပ်ချက်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံရိတ်သိမ်းချိန်နောက်ကျမှုနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း ထိုမှတစ်ဆင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝ တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊

ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍ၏ လက်ရှိလိုအပ်ချက်များနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ တောင်သူလယ်သမားများ၏ စက်မှုလယ်ယာနည်းပညာနှင့် စက်ယန္တရားများ အသုံးပြုနိုင်မှုတိုးတက်စေရန်၊ လယ်ယာထုတ်လုပ်မှုမြှင့်တင်ရန်၊ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို သီးခြားဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း**က စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေတွင် တောင်သူများအတွက် စက်ယန္တရားဝယ်ယူရန် ချေးငွေနှင့် ငွေကြေးပံ့ပိုးမှုစနစ်များ၊ စက်ယန္တရား ငှားရမ်းအသုံးပြုနိုင်သည့်စနစ်များ၊ ကျေးလက်ဒေသအလိုက် စက်ယန္တရားဝန်ဆောင်မှုစင်တာများ တည်ဆောက်ပေးခြင်း၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အပိုပစ္စည်းရရှိရေးစနစ်များနှင့် စက်ယန္တရားအသုံးပြုသူများအတွက် လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံရေးသင်တန်းများ စသည့် လက်တွေ့ကျသည့် အချက်များပါဝင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီ စက်ဝယ်နိုင်ရေးထက် တောင်သူများလိုအပ်သည့် အချိန်တွင် စက်ယန္တရားကို အလွယ်တကူအသုံးပြုနိုင်ရေးကို ပိုမိုအလေးထားသင့်ပါကြောင်း၊ ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးလာပါက စက်ပြုပြင်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်သဖြင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်နှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စက်ယန္တရား၊ ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို တစ်စုတစ်စည်းတည်းပံ့ပိုးပေးနိုင်မည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့် ယခုအဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ယနေ့ခေတ် လယ်ယာစိုက်ပျိုးရေးသည် ရိုးရာလုပ်သားအင်အားနှင့် စက်ယန္တရားအသုံးပြုမှုအဆင့်တွင်သာ မရပ်တန့်တော့ဘဲ တိကျသောနည်းပညာ၊ သတင်းအချက်အလက်နှင့် အလိုအလျောက်စနစ်များ အသုံးပြုသည့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းလာနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ထွန်စက်၊ ရိတ်သိမ်းစက်များ အသုံးပြုခြင်းမှစ၍ မြေ၊ ရေ၊ မျိုးစေ့၊ မြေဩဇာနှင့် သီးနှံအခြေအနေများကို အချက်အလက်အပေါ်အခြေခံ၍ စီမံခန့်ခွဲသည့် လယ်ယာစနစ်များထိ တဖြည်းဖြည်းတိုးတက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် စက်ယန္တရားများ တင်သွင်းအသုံးပြုခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စံချိန်စံညွှန်း၊ စမ်းသပ်စစ်ဆေးမှု၊ ဘေးကင်းလုံခြုံရေး၊ နည်းပညာသုတေသန၊ ကျွမ်းကျင်လုပ်သားနှင့် ပြည်တွင်းစက်မှုလုပ်ငန်းတို့ကို တစ်ပြိုင်တည်းဖွံ့ဖြိုးစေရန်လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပြီး နည်းပညာ၊ စံချိန်စံညွှန်း၊ လူ့စွမ်းအား၊ ပြည်တွင်းစက်မှု လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ပေးရန် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး**က စက်မှုလယ်ယာ၏အကျိုးကျေးဇူးကို လယ်သမားအနည်းစုသာရရှိပြီး တောင်သူအများစုမရရှိပါက နိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းရေး ရည်မှန်းချက် မပြည့်စုံနိုင်ပါကြောင်း၊ ထို့ကြောင့် တောင်သူငယ်များအတွက် စက်ငှားရမ်းရေး၊ ငွေကြေးအထောက်အပံ့၊ စက်ဝန်ဆောင်မှုနှင့် နည်းပညာလက်လှမ်းမီရေးတို့ကို ဥပဒေတွင်တည့်သွင်းပေးရန် ထောက်ခံအပ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဆွေးနွေးရာတွင် တောင်သူများ၏ လုပ်သားအင်အားအခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသတွင် လယ်ယာလုပ်သားရှားပါးလာခြင်း၊ အလုပ်သမားစရိတ် မြင့်တက်လာခြင်းတို့သည် လယ်ယာကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်ပါကြောင်း၊ စက်မှုလယ်ယာသည် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော် စက်မှုလယ်ယာကြောင့် လူအလုပ်အကိုင်များ ပျောက်ကွယ်သွားမည်ဆိုသည့် စိုးရိမ်မှုကိုလည်း လျစ်လျူရှု၍မရပါကြောင်း၊ အမျိုးသမီး တောင်သူများအတွက်လည်း လေးလံသောလုပ်အားလိုအပ်သည့် လယ်ယာလုပ်ငန်းများကို စက်ဖြင့်လျှော့ချနိုင်ခြင်းသည် အကျိုးရှိနိုင်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းရေးနှင့် သင်တန်းများတွင် အမျိုးသမီးများနှင့် လူငယ်များ လက်လှမ်းမီနိုင်ရေးကို ထည့်သွင်းသင့်ပါကြောင်း၊ စက်မှုလယ်ယာသည် လူကိုဖယ်ရှားရန် မဟုတ်ပါကြောင်း၊ လူ၏လုပ်အားကို ပိုမိုတန်ဖိုးရှိသော နည်းပညာနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများသို့ ပြောင်းလဲပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဥပဒေတွင် လူငယ်နှင့် အမျိုးသမီးများအတွက် လေ့ကျင့်ရေးနှင့် လုပ်ငန်းအခွင့်အလမ်းများ ထည့်သွင်းပေးရန် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်**က စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ပါက လုပ်သားလိုအပ်ချက် လျှော့ချနိုင်ခြင်း၊ အချိန်မီထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နောက်ကျမှုကြောင့်ဖြစ်သော ဆုံးရှုံးမှုများ လျှော့ချနိုင်ခြင်း၊ လယ်ယာထုတ်ကုန်အရည်အသွေး မြှင့်တင်နိုင်ခြင်း၊ လူငယ်များ လယ်ယာကဏ္ဍသို့ နည်းပညာဖြင့် ပြန်လည်ဝင်ရောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်းစီအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို ပိုင်ဆိုင်ရန်ထက် မိမိလိုအပ်သည့်အချိန်တွင် အရည်အသွေးကောင်းမွန်သောစက်ကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ခြင်းက ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကျေးရွာအုပ်စုအလိုက်၊ သမဝါယမအဖွဲ့အလိုက်၊ တောင်သူအဖွဲ့အလိုက် စက်ယန္တရားများကိုပူးပေါင်းအသုံးပြုနိုင်သည့် စနစ်တစ်ရပ်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် “တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရေး” မဟုတ်ဘဲ “တောင်သူတိုင်း စက်မှုလယ်ယာဝန်ဆောင်မှုကို အပြည့်အဝရရှိအသုံးပြုနိုင်ရေး” ဖြစ်သင့်ပါကြောင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်းခြင်းသည် စက်ယန္တရားများပိုမိုဝယ်ယူအသုံးပြုရန်အတွက်သာမဟုတ်ဘဲ မြန်မာ့လယ်ယာကဏ္ဍ၏ စိုက်ပျိုး၊ ထုတ်လုပ်မှုစနစ်တစ်ခုလုံးကို ရိုးရာစနစ်မှ ခေတ်မီထိရောက်ပြီး ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန်အတွက်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် စက်ယန္တရားများကို ဝယ်ယူတင်သွင်းပေးရုံဖြင့် ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ်တစ်ရပ် မဖြစ်နိုင်သည့်အတွက် စက်ယန္တရားထုတ်လုပ်နိုင်သည့် နိုင်ငံသို့ တဖြည်းဖြည်းကူးပြောင်းရန်လိုအပ်ပါကြောင်း၊ ယနေ့လယ်ယာကဏ္ဍတွင် စက်များပိုမိုအသုံးပြုလာသည်နှင့်အမျှ ပြည်တွင်းစက်ယန္တရားထုတ်လုပ်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ တပ်ဆင်ရေးနှင့်ပြုပြင်ရေးလုပ်ငန်းများကို အားပေးသည့်မူဝါဒ ထည့်သွင်းသင့်ပါကြောင်း၊ တောင်သူများ၏ အမှန်တကယ်လိုအပ်ချက်နှင့်ကိုက်ညီသည့် စက်များကို ပြည်တွင်းထုတ်လုပ်နိုင်ပါက လယ်ယာကဏ္ဍတစ်ခုတည်းကိုသာ အကျိုးပြုမည်မဟုတ်ဘဲ သံမဏိ၊ လျှပ်စစ်၊ စက်မှုထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ အပိုပစ္စည်းထုတ်လုပ်ရေးနှင့် နည်းပညာဝန်ဆောင်မှုကဏ္ဍများကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဖွံ့ဖြိုးရေးတွင် စက်ယန္တရားသည် အရင်းအနှီးကြီးမားသည့် ပစ္စည်းတစ်ခုဖြစ်ပြီး အန္တရာယ်နှင့်လည်း ဆက်စပ်နေသည့်အတွက် စက်မှုလယ်ယာဥပဒေကိုပြုစုရာတွင် စက်ယန္တရားဝယ်ယူရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့်အတူ စက်ယန္တရားအာမခံ၊ သဘာဝဘေးအန္တရာယ်နှင့် ချေးငွေအန္တရာယ်စီမံခန့်ခွဲရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထို့ကြောင့်ဥပဒေတွင် အစိုးရဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် တောင်သူအဖွဲ့များပူးပေါင်း၍ စက်မှုလယ်ယာအတွက် သင့်လျော်သည့် အာမခံနှင့်အန္တရာယ်စီမံခန့်ခွဲရေးစနစ်များ

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

ဖော်ဆောင်နိုင်ရန် အခြေခံမူများ ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

**တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က** စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ခန့်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်နှင့် အညီ ယနေ့ခေတ် စက်ယန္တရားများအသုံးပြုမှု၊ ငှားရမ်းဝန်ဆောင်မှု၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ပစ္စည်း အရည်အသွေးနှင့် လုံခြုံရေးများ၊ နည်းပညာသင်တန်းနှင့်ပုဂ္ဂလိက ကဏ္ဍပါဝင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် အတိအကျလိုအပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့်၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစေပြီး အထောက်အပံ့ကောင်းများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊

ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစား၊ ရာသီဥတု၊ သီးနှံပုံစံတို့နှင့်ကိုက်ညီစေမည့် စက်ယန္တရားများကို သုတေသနများပြုလုပ်ပြီး ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစက်ယန္တရားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးဝင်စေမည့် နည်းပညာများ ဖြန့်ဝေထောက်ပံ့ပေးနိုင်စေရေးတို့ကို အလေးအနက်ထားကာ ဥပဒေများဖြင့် အကာအကွယ်ပေး အားပေးအားမြှောက်ပြုရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်နှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းတွင် စက်ယန္တရားနှင့် ခေတ်မီနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လူအင်အားအပေါ် အလွန်အကျွံမှီခိုအသုံးပြုမှုကို လျှော့ချနိုင်ရန်၊ လယ်ယာလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထိရောက်မှုကိုမြှင့်တင်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး တောင်သူဝင်ငွေတိုးစေရန်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ တောင်သူလယ်သမားများအတွက် စက်ယန္တရားအသုံးပြုနိုင်မှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ခေတ်မီစက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စက်ကိရိယာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကာ သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန် မှန်ကန်ခြင်းနှင့် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စက်ပစ္စည်းဝယ်ယူပိုင်ဆိုင်ခြင်းကိုသာ အခြေခံခြင်းမပြုဘဲ ငှားရမ်းအသုံးပြုခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ သမဝါယမနှင့် စုပေါင်းအသုံးပြုခြင်း၊ သင့်လျော်သော ငွေကြေးထောက်ပံ့မှု၊ နည်းပညာသင်တန်း၊ အရည်အသွေးစစ်ဆေးမှု၊ လေ့ကျင့်ရေး၊ ပြည်တွင်းထုတ်လုပ်မှုနှင့် တောင်သူအခွင့်အရေးကာကွယ်မှုတို့ကို တစ်ခုတည်းသောစက်မှုလယ်ယာစနစ် လွှမ်းခြုံဖော်ဆောင်နိုင်အောင် ဥပဒေတစ်ရပ်ကို ခိုင်မာစွာ ပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် စက်ကိရိယာဝယ်ယူလိုသည့် တောင်သူများအတွက် သက်သာသောအတိုးနှုန်းဖြင့် ရေရှည်ချေးငွေစနစ်များ၊ အရစ်ကျစနစ်များနှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မူဝါဒများကို တရားဝင်အကာအကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေတွင် စက်မှုလယ်ယာဝန်ဆောင်မှုအခန်းကဏ္ဍ ထည့်သွင်းရေးဆွဲခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၏ အရည်အသွေးစမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စံသတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသုံးပြုမည့် တောင်သူလယ်သမားများ၏ စိတ်ချယုံကြည်မှုကို ရရှိစေမည်ဖြစ်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည့်အပေါ်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် များစွာအသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးအကြံပြုချက်များကို လိုအပ်သလိုဖြည့်စွက်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်ကချမှတ်ထားသော စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် လယ်ယာကုန်ထုတ်စွမ်းအားမြင့်မားပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရောက်ရှိစေရန်၊ တောင်သူလယ်သမားများနှင့် ဒေသခံလယ်သမားအစုအဖွဲ့များက ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် ထူထောင်နိုင်သည့် သင့်လျော်သော လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရေးကို ပံ့ပိုးကူညီပြီး အားပေးမြှင့်တင်ရန်၊ လယ်ယာသုံးစက်ကိရိယာများကို အရည်အသွေးအာမခံချက်ပြည့်မီစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ လက်လှမ်းမီစွာဝယ်ယူ၊ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီပေးနိုင်ရန်၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ရေရှည်တည်တံ့သည့် စက်မှုလယ်ယာစနစ်သို့ စနစ်တကျကူးပြောင်းနိုင်ရန် စသည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးကျေးဇူးများ ကြီးမားစွာဖြစ်ထွန်းစေနိုင်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိတွင် အခန်း ၁၆ ခန်းပါရှိသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ရေးဆွဲလျက်ရှိပြီး ဆက်လက်၍လည်း ထပ်မံဖြည့်စွက်သင့်သည့်အချက်များကို ဖြည့်စွက်ရေးဆွဲသွားမည်ဖြစ်ပါသဖြင့် ဝန်ကြီးဌာနက ရည်မှန်းဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတင်သွင်းမှုမှာ ကိုက်ညီမှုရှိပြီး အလွန်တရာအကျိုးရှိသော အဆိုတစ်ရပ်လည်း ဖြစ်သည့်အတွက် အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ဥပဒေအမြန်ဆုံးပေါ်ပေါက်ရေး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၆ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်၏ **အသက် ၁၈ နှစ်အောက် ကလေးသူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့်အန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က Online Platform များအသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်များကို ဥပဒေပိုင်းဆိုင်ရာအရ ကာကွယ်နိုင်ရန် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ၊ အခြေခံအဆောက်အအုံကာကွယ်ခြင်း လုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဒ်မ (၁၀) အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီအောက်တွင် ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာကာကွယ်ရေး၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီများကိုဖွဲ့စည်းထားပြီး ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ဆိုက်ဘာမှုခင်းများကို အရေးယူနိုင်ရေးနှင့်ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၁၁) အရ ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်စော်ကားမှုများနှင့် မဟုတ်မမှန်သတင်းများဖြန့်ဝေမှုများကို တားဆီးကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောင်းသားလူငယ်များအတွက် Online Platform များအသုံးပြုရာတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်အခမ်းအနားများတွင် ဆိုက်ဘာလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များမျှဝေခြင်း၊ ဗီဒီယို၊ Animation များပြသခြင်းနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် "ဆယ်ကျော်သက်နှင့် ဆိုက်ဘာအန္တရာယ်ကင်းကင်းကျင့်ခြင်း" ခေါင်းစဉ်အပါအဝင် ဆိုက်ဘာလုံခြုံရေး အသိပညာပေးကာတွန်းဇာတ်လမ်းတိုများကို အခါအားလျော်စွာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း။




ထို့ပြင် ဆက်သွယ်ရေးဥပဒေအရ "ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအားခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း" တို့ပြုလုပ်ခံရခြင်းများကို သက်ဆိုင်ရာရဲစခန်းများတွင် သတင်းပေးပို့တိုင်ကြားနိုင်ပြီး ပြစ်မှုထင်ရှားပါက ဥပဒေ ပုဒ်မ ၆၆(ဃ) အရ "နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင်တည်ရှိသော ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး သစ်သားတံတား ခန့်မှန်းပေ ၂၀၀ ကျော်ကို ကွန်ကရစ်တံတားဆောက်လုပ်ပေးရန်နှင့် နန်းမောင်ခန်းကျေးရွာနှင့် ဆန်ကျိန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန်းမောင်ခန်းချောင်းကူးကြိုးတံတား ပေ ၂၀၀ ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ပထမတံတားဖြစ်သည့် ဟုမ္မလင်းမြို့နယ် ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သိမ်းသွင်းရန်ကျန်ရှိသည့် လမ်းစာရင်းတွင်ပါရှိသည့် တံတားဖြစ်ပြီး တည်ဆောက်ထားသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဆိုင်ကယ်များသာသွားလာနိုင်ပါကြောင်း၊ အဆိုပါသစ်သားတံတားကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းကို လတ်တလောဆောင်ရွက်ပေးမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတားဆောက်လုပ်ခြင်းကို ဒေသလိုအပ်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးပြုမှုတို့အပေါ်မူတည်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ဒေသန္တရဖွံ့ဖြိုးရေး ငါးနှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း။

ဒုတိယတံတားဖြစ်သည့် နန်းမောင်ခန်းကျေးရွာနှင့် ဆန်ကျိန်းကျေးရွာတို့ကို ဆက်သွယ်သည့် ချောင်းကူးကြိုးတံတား ပေ ၂၀၀ သည် ကျေးလက်လမ်းဇရိယာတွင် ပါဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ် ၅၄ ဒသမ ၆၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးတံတားပြုပြင်ထိန်းသိမ်းရန်အတွက် ပွင့်လင်းရာသီတွင် မြေပြင်ကွင်းဆင်းပြီး လိုအပ်ချက်များနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးတိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ဒေသဖွံ့ဖြိုးရေး ငါးနှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး အဆိုပါလမ်းပိုင်းများကို ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်မှစတင်၍ ရထားပြေးဆွဲခြင်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

အဆိုပါ လမ်းပိုင်းသစ်များဖောက်လုပ်ခဲ့ရာတွင် သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားများပေါင်းစပ်၍ ဆောင်ရွက်ခဲ့သော လမ်းပိုင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သဖြင့် သစ်သားဇလီဖားတုံးများ ဆွေးမြည့်ခြင်း၊ တောမီးလောင်ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ရောဝတီမြစ်အနောက်ဘက်ခြမ်း လုံခြုံရေးအခြေအနေပေးလျှင် လမ်းကြောင်းခိုင်မှုစစ်ဆေးပြီး လိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံးနှင့် ကျောက်ဖြည့်ဆည်းခြင်း၊ တာပေါင်များရေတိုက်စားမှုကို ပြန်လည်ဖို့ခြင်း၊ တံတား(ကြီး၊ငယ်) ပျက်စီးမှုများကို ပြုပြင်ခြင်း၊ ပျောက်ဆုံးနေသော သံလမ်းထိန်းကလစ်များ၊ Pad များ ပြန်လည်ဖြည့်တင်းခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ ပြန်လည်စစ်ဆေးပြုပြင်ခြင်း၊ ဘူတာများပြုပြင်ပေးခြင်း၊ ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးခြင်းလုပ်ငန်းများကို နှစ်အလိုက်ဘဏ္ဍာငွေလျာထား၍ အကြီးစားပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလော ရထားများပြန်လည်ပြေးဆွဲနိုင်သည့် အခြေအနေမရှိသေးပါကြောင်း ဖြေကြားသည်။

## ရွာထောင်ဘူတာမှ ဝက်လက်ဘူတာထိ အကွာအဝေး ၃၄ မိုင်ခန့်ကို အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့. . .

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရခွီဖုန်(Rakwi Pung) ၏ **ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် အလျား ပေ ၂၂၀၊ အကျယ် ၁၄ ပေရှိ RC သံကူကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ခေါင်လန်ဖူးမြို့နယ် အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် ပေ ၂၂၀ RC ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပေါင်းစပ်ပေးမည်ဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လက်ရှိနယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးကောင်းမွန်လာသည့်အချိန်မှသာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-သရက် ရထားလမ်း၊ သရက်-ကံမ ရထားလမ်း၊ မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ပြန်လည်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-မင်းလှ-သရက် ခရီးစဉ်ကို မင်းဘူး(၁)၊ (၂) RBE ရထားများဖြင့် ပြေးဆွဲခဲ့ပါကြောင်း၊ ဆက်လက်၍ သရက်-ကံမ ခရီးစဉ် ၂၉ ဒသမ ၁၄ မိုင်ကို အမှတ် (၁၉၉) အဆန်၊ (၂၀၀) အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပါကြောင်း၊ အလားတူ မင်းလှ-တောင်တွင်းကြီး ခရီးစဉ်ကို အမှတ် (၁၉၃)အဆန်၊ (၁၉၄)အစုန် RBE

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်အေး၏ **စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းကို အပိုင်းလိုက်၊ အဆင့်လိုက် မြန်မာ့မီးရထားမှ ပြုပြင်ပြေးဆွဲပေးရန် အစီအစဉ်ရှိမရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းသည် ၃၄၂ ဒသမ ၇၅ မိုင်ရှိပြီး ယခင်က လူစီးအမြန်ရထား ၁၀ စီး၊ စာပို့ရထား လေးစီး၊ လူစီးကုန်တင်ရထား ၁၀ စီးနှင့် ခရီးတိုရထား နှစ်စီးတို့ကို ပြေးဆွဲပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်ဧပြီလမှစတင်၍ ရထားခရီးစဉ်များ ယာယီဖျက်သိမ်းထားခဲ့ပြီး လုံခြုံရေးအခြေအနေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရပါကြောင်း။

မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ရထားများပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ ရွာထောင်-ရွှေဘိုလမ်းပိုင်း၏ ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာထိ ရောက်ရှိခဲ့ပါကြောင်း၊ **ရွာထောင်ဘူတာမှ ဝက်လက်ဘူတာထိ အကွာအဝေး ၃၄ မိုင်ခန့်ကို အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း။**

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား လေးစင်း၊ ပေ ၂၀ အရှည် တံတား တစ်စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ တစ်မိုင်ကျော်ခန့်**

စာမျက်နှာ ၂၂ သို့

**ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည်တံတား လေးစင်း၊ ပေ ၂၀ အရှည်တံတား တစ်စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ တစ်မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက်(Back Hoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည်တံတားအမှတ်(၅၇) ပွန်ကြီးတံတား၏ တံတားသံဘောင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့်နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများကို ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင်တိမ်းရှောင်နေရ. . .**

စာမျက်နှာ ၂၁ မှအဆက်

သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက်(Back Hoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇) ပွန်ကြီးတံတား၏ တံတားသံဘောင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့် တွဲများကို ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းကို ရထားများပြန်လည်ပြေးဆွဲရေးအတွက် လုံခြုံရေးအခြေအနေအပေါ်မူတည်၍ လမ်းပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း မိုးကောင်း-မြစ်ကြီးနား အသွား၊ အပြန် ခရီးစဉ် မိုးကောင်း-၁/၂ RBE ရထားကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စ၍လည်းကောင်း၊ မိုးညှင်း-မြစ်ကြီးနား အသွား၊ အပြန်ခရီးစဉ်အမှတ်(၄၉)အဆန်၊ (၅၀) အစုန်ရထားကို၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်မှစ၍ လည်းကောင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) အတွက် များစွာဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်၍ ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန်လိုအပ်ပါကြောင်း။

သို့ပါ၍ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသည့် ရထားလမ်းကို နယ်မြေလုံခြုံရေးအခြေအနေပေးသည့် အချိန်တွင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း ခေါ် ကိုဆွိ၏ **ကရင်ပြည်နယ် ဘားအံ(မြိုင်ကလေး) ဘူတာရုံနှင့် သထုံဘူတာရုံသို့ ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန် – မော်လမြိုင် ရထားများသည် ဘားအံ(မြိုင်ကလေး)ဘူတာရုံသို့ လူစီးရထားများနှင့် ကုန်တွဲရထားများ ပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြေးဆွဲပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ပြေးဆွဲပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မြန်မာ့မီးရထားအနေဖြင့် သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းအား ခရီးတိုရထားကို တွဲနှစ်တွဲပါ စက်ခေါင်းဖြင့် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှ စ၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြင့် နှစ်လစမ်းသပ်ပြေးဆွဲခဲ့သော်လည်း ခရီးသည်လိုက်ပါစီးနင်းမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း လမ်းပိုင်းပျက်စီးမှုမရှိစေရေးအတွက် လမ်းပိုင်းထိန်းသိမ်းသည့်အနေဖြင့် တစ်လလျှင် သုံးခေါက် ပြေးဆွဲခဲ့ပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုမရှိသဖြင့် ၂၀၁၇ခုနှစ် မေ ၂၄ ရက်မှစ၍ ခရီးတိုရထား ပြေးဆွဲခြင်းကိုရပ်ဆိုင်းခဲ့ကာ သံလမ်းပြေးယာဉ်(RGC)ဖြင့် အနည်းဆုံး တစ်လတစ်ကြိမ်လမ်းပိုင်း စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ခဲ့ပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့ပြီးနောက် မြိုင်ကလေး ဘိလပ်မြေစက်ရုံအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ သယ်ပို့ရန် ကုန်ရထားပြေးဆွဲမှုကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကုန်ပစ္စည်းများသယ်ယူရန်မရှိသဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရပ်နားထားခဲ့ပါကြောင်း။

သထုံဘူတာမှ လေးတိုင်ဘူတာထိ ၅ ဒသမ ၀ မိုင် အကွာအဝေးကို ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်တွင် လမ်းပိုင်းပြုပြင်ပြီးဖြစ်သဖြင့် ကုန်ရထားပြေးဆွဲခြင်းကို ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် ခရီးသည်ရထားကို လိုက်ပါစီးနင်းသူမရှိ၍ ဆက်လက်ပြေးဆွဲခြင်း မရှိသေးသည့်အပြင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ကုန်ရထားကို လမ်းပိုင်းပြုပြင်ပြီးသည့် လေးတိုင်ဘူတာထိသာ ပြေးဆွဲပေးလျက်ရှိပြီး ကျန်ရှိသည့်လမ်းပိုင်းပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် တိုင်တရာရပ်စခန်းဘူတာအနီး၌ လမ်းပိုင်းမှာ ဆင်ခြေလျှော ၁ အချိုး ၆၀ ရှိခြင်း၊ သထုံမှ လေးတိုင်ထိ ငါးမိုင်ခန့်သာ သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၁၇ တုံး ထည့်သွင်းပြုပြင်ထားပြီး ကျန် ၁၇ မိုင်ကျော်အတွက် နှစ်စဉ်ဘဏ္ဍာငွေထည့်သွင်း လျာထား၍ ကွန်ကရစ်ဇလီဖား ထပ်မံ ထည့်သွင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်သွင်းခြင်းနှင့် တံတားနေရာများ စစ်ဆေးပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် ရန်ကုန်-မော်လမြိုင် DEMU ရထားနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘားအံ(မြိုင်ကလေး)ဘူတာမှ လေးတိုင်ဘူတာထိ ကျန်ရှိသည့် ၁၇ မိုင်အတွက် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်တွင် ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိစေရန်၊ ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများလျော့နည်းစေရန်၊ဒစ်ဂျစ်တယ်အသုံးပြုမှု၊သတင်းအချက်အလက်နည်းပညာအသုံးပြုမှုနှင့်အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သော အထောက်အပံ့များ၊ အစီအစဉ်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကိုဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါကြောင်း လွှတ်တော်သို့တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးဟိန်းမင်းဦးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏လေ့လာသုံးသပ်ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ၍ အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲ၊နွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန







# တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၂**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံထောက်ပံ့ရန် လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊APTERRအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်တို့က လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောကြားကြသည်။

ဆက်လက်၍ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃(၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာက ရေဘေးသင့်ပြည်သူတစ်ဦးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးချုပ်ရုံးမှအထွေထွေမန်နေဂျာထံသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ရေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန် (50Kg အိတ် ၃၂၇၇ အိတ်)ကို ခရိုင်၊ မြို့နယ်များမှတစ်ဆင့် စနစ်တကျ ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၁ နာရီတွင်ရပ်နားခဲ့ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကေဗွီ ၂၃၀ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြား

**နေပြည်တော် အောက်တိုဘာ ၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံ၊ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာ၏ ၁၁ ကေဗွီ မြေအောက်ဓာတ်ကြိုးလျှပ်ကာပစ္စည်း ချို့ယွင်းမှုဖြစ်ပေါ်နေခြင်းကို အစားထိုးလဲလှယ်နိုင်ရန် အဆိုပါမိန်းထရန်စဖော်မာကို အောက်တိုဘာ ၄ ရက်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်အမှတ်(၂)၊ Naypyitaw State Polytechnic University၊ ဆင်ဖြူရှင် ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ နဝဒေး ရပ်ကွက်စသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ အချိန် သုံးနာရီကြာခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကေဗွီ ၂၃၀ ပင်မ(၁)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို အောက်တိုဘာ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်တို့တွင် နံနက် ၈ နာရီ မှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်မည့် အဆိုပါနေ့ရက်များတွင် ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။





ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ- ဘုတ်ပြင်း- ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင်မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိတံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးကူညီကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများတွင် ပိတ်နေသည့်မြေကြီးများ၊ အမှိုက်များကို ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသော နေရာများ၌ လမ်းလွှဲများဖောက်လုပ်ပေးခြင်း၊ မြစ်ရေဝင်ရောက်မှုမရှိစေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များရှင်းလင်းခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ဗ၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကိုလေ့လာနိုင်စေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၊ ဥတ္တရသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(ပိုးစာတော)၊ အခြေခံပညာအထက်တန်းကျောင်း(တက်ရှိန်း)၊ အခြေခံပညာအထက်တန်းကျောင်း (သရက်တော)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ဘုရားတောင်)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ တိုင်းရင်းသားလူမျိုးတွေဟာ ကိုယ့်ရဲ့အိမ်မှာ သူခိုးဓားပြတွေကာကွယ်ဖို့အတွက် ခြံစည်းရိုးတွေကို ခိုင်ခံ့အောင် တည်ဆောက်သလို ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ သဘာဝသယံဇာတပစ္စည်းတွေ လူ့စွမ်းအားအရင်းအမြစ်တွေကို ကာကွယ်ပေးသော သက်ရှိစည်းရိုးတွေကို လာရောက်ပြီးတော့ သူတို့ရဲ့သမိုင်းကြောင်းကို လေ့လာရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်မိပါတယ်။ ကျွန်မတို့လိုက်ပါလာတဲ့ ကျောင်းသားတွေကလဲ နိုင်ငံတော်ကို ကာကွယ်ပေးနေတဲ့ တပ်မတော်သားတွေရဲ့ စွန့်လွှတ်စွန့်စားမှုကို လာရောက်ပြီးတော့ လေ့လာရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေကလဲ ဝမ်းမြောက်ပီတိဖြစ်နေကြပါတယ်။ ဒီနေ့ လေ့လာရေးခရီးစဉ်မှာဆိုရင် ကျောင်းသား၊ ကျောင်းသူနဲ့ ဆရာ၊ ဆရာမဦးရေ ၇၀၀ ကျော် လာရောက်လေ့လာခဲ့တာပဲ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ လက်နက်စွဲကိုင် တော်လှန်ရေးမှသည် လွတ်လပ်ရေးရရှိတဲ့ သမိုင်းသင်ခန်းစာတွေမှာ သင်ကြားပြီးတော့ လက်တွေ့



မြေပြင်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ သူတွေရဲ့ စစ်ပစ္စည်းကိရိယာတွေ၊ တာဝန်ထမ်းဆောင်ခဲ့တဲ့ လူတွေရဲ့ သမိုင်းမှတ်တမ်းအကြောင်းကို စာတွေ့နဲ့ လက်တွေ့ပူးပေါင်းပြီးတော့ လာရောက်လေ့လာရတဲ့အတွက် ကလေးတွေကလဲ ဝမ်းသာဂုဏ်ယူနေကြပါတယ်။ အဲ့ဒီလိုမျိုး လေ့လာရေးခရီးစဉ်ကို စီစဉ်ပေးပါသော နိုင်ငံတော်မှ တာဝန်ရှိအကြီးအကဲများနဲ့ ကျွန်မတို့ရဲ့ ကျောင်းအုပ်ဆရာမကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ ယခုလိုမျိုး တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ လေ့လာရတဲ့အတွက် ကျွန်တော် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကျွန်တော်တို့ အတိတ်က ဖြစ်ခဲ့တဲ့ သမိုင်းအကြောင်းအရာတွေ ပြီးတော့ အတိတ်က ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲတွေအကြောင်းကို စာတွေ့သာမက လက်တွေ့ပါ ကျွန်တော်တို့က လေ့လာနိုင်တာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ တပ်မတော်စစ်သမိုင်းပြတိုက်မှာဆို တိုက်ပွဲဝင်ခဲ့တဲ့လူတွေရဲ့ စစ်လက်နက်ပစ္စည်းတွေကို လေ့လာခဲ့တယ်။ ပြီးတော့ ရေကြောင်းနဲ့ လေကြောင်းမှာ ဆိုလို့ရှိရင်လဲ စစ်ပွဲတွေမှာသုံးခဲ့တဲ့ စစ်လက်နက် ပစ္စည်းတွေအကြောင်းကို ကျွန်တော် အများကြီးလေ့လာခဲ့ပါတယ်။



တပ်မတော် စစ်သမိုင်းပြတိုက်ကြီးဟာ ဆိုရင်အကျယ်ကြီးပဲ။ လေ့လာစရာတွေလဲ အများကြီးပါ။ အခုလိုမျိုး တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာနိုင်အောင်ကူညီပေးတဲ့ ကျောင်းအုပ်ဆရာမကြီးနဲ့တကွ တာဝန်ရှိသူအားလုံးကိုလဲ ကျေးဇူးအထူးပဲတင်ရှိပါတယ်"ဟု ပြောသည်။

(ဗ၀၁)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်(မန္တလေး)
(င) ဆေးတက္ကသိုလ်(မကွေး)
(စ) ဆေးတက္ကသိုလ်(တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်တွင်ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ခိုလမ်မြို့ရှိ သံဃာတော်၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ နမ့်ဟူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အဆိုပါကျေးရွာရှိ နမ့်ဟူးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါး၊ ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **ဖယ်ရှားရှင်းလင်းမှု**

ရေများ ပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဝေန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၈ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၅ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၈ လက်မခန့်၊ ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၉ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ၂-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၁၅.၃ ~ ၅၁၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၄၅၈,၅၇၃.၆၃ | ၁၅,၃၈၂,၇၃၇.၄၄ | ၃၇,၁၄၇,၂၃၅.၈၁ | |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❍ **မွေးမြူထုတ်လုပ်မှု**

အဆိုပါ ပထမခြောက်လပတ်၌ ငါးမွေးမြူရေးလုပ်ငန်းမှ ပိဿာချိန် ၄၂၄၈၈ ဒသမ ၀၉၈ ကိုလည်းကောင်း၊ အင်းလုပ်ငန်းမှ ပိဿာချိန် ၃၂၆၇၂ ဒသမ ၂၆၆ ကိုလည်းကောင်း၊ ဘုံငါးဖမ်းလုပ်ငန်းမှ ပိဿာချိန် ၄၇၄၇၆ ဒသမ ၆၂၃ ကိုလည်းကောင်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း ငါးမွေးမြူထုတ်လုပ်ရာမှာ မွေးမြူရေးငါးအပြင် အင်း/တင်ဒါ ချက်ငါးနဲ့ ဘုံငါးဖမ်းလုပ်ငန်းဖြစ်တဲ့ သဘာဝမြစ်ချောင်းအင်းအိုင်ရေလျှံကွက်ဆိုပြီး ငါးဖမ်းကွက် သုံးခုရှိပါတယ်။ အထူးသဖြင့် သဘာဝမျိုးငါးတွေကို ထိန်းသိမ်းပြီး ရေသယံဇာတ စဉ်ဆက်မပြတ် စားသုံးနိုင်အောင် မျိုးစိုက်ထည့်ပေးနေတဲ့အတွက် ငါးရိက္ခာဖူလုံမှုကို အထောက်အပံ့ပြုနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ မွေးမြူထုတ်လုပ်မှု သုံးမျိုးကနေ တောင်သူတွေ ဝင်ငွေမပြတ်ရရှိခြင်းဟာ မွေးမြူရေးတောင်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစုမျိုးသွယ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံ၍ ငါးရိက္ခာပေါများစေရန် မွေးမြူရေးငါးများအပြင် သဘာဝတိုင်းရင်းငါးများဖြစ်သည့် ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဖန်းမ၊ ငါးနက်ပြာတို့ကို ဆေးထိုးသားဖောက်ပြုလုပ်၍ သဘာဝရေပြင်တွင် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိပြီး မွေးမြူရေး ကန်၊ အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် သဘာဝအင်းအိုင်တို့မှ နှစ်စဉ် ငါးသယံဇာတ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သစ္စာ(MNA)**

■ **ဘိန်းဖြူများဖမ်းဆီးရမိမှု**

ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၇ ရက် ည ၈ နာရီခွဲတွင် သတင်းအရ မုံရွာမြို့အိုးဘိုတောင်ရပ်ကွက်နေ ဇော်နိုင် ၄၉ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်း နေသူများဖြစ်သည့် ကျော်မင်းလွင် ခေါ် ဟိန်းထက်ဝင်း ၂၄ နှစ်၊ ဝမ်းဝမ်း ၁၉ နှစ်၊ ဇော်ဟိန်းထက် ၃၁ နှစ်တို့ လေးဦးကို နေအိမ်ခြံဝင်းအတွင်းရှိ FORLAND အမျိုးအစား ယာဉ်ပေါ်မှ ဘိန်းဖြူ ၆၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁ ဘီလီယံ) နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇော်နိုင်၊ ကျော်မင်းလွင် ခေါ် ဟိန်းထက်ဝင်း၊ ဝမ်းဝမ်း၊ ဇော်ဟိန်းထက်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် သာစည်မြို့ အမှတ်(၄) မြို့မရပ်ကွက်နေ မဝင်းမာဌေး ၃၈ နှစ် မောင်းနှင်ပြီး လှိုင်ကော်မြို့ ဒေါ်ခမ္မရပ်ကွက်နေ မစန်းစန်းမြင့် ၄၅ နှစ် လိုက်ပါလာသော SHAYAN 125 အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦး၏ ခန္ဓာကိုယ်တွင် သို၀ှက်သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၂၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၈၀)ဖမ်းဆီးရမိသဖြင့် မဝင်းမာဌေး၊ မစန်းစန်းမြင့်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



မဝင်းမာဌေး၊ မစန်းစန်းမြင့်တို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**(သတင်းစဉ်)**

✱ **ဂုဏ်ပြုကြိုဆိုမှု**

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

● **တိုက်ခိုက်ဖျက်ဆီးမှု**

ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံသို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက် ည ၁၂ နာရီ ၁၀ မိနစ် ညဉ့်နက်သန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း(Control Room) ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံး ပစ်ချတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဓာတ်အားထိန်းချုပ်ခန်း၏ နံရံများ၊ ခေါင်မိုးရှိ သွပ်ပြားများ၊ မျက်နှာကြက်များနှင့် ပြတင်းတံခါးပေါက်မှန်များ ပျက်စီးခြင်း၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ်ရေးခလုတ်ပုံးများ (Control Panel)ကို ဗုံးစထိမှန်ခြင်း၊ ထိန်းချုပ်ကေဘယ်လ်ကြိုးများ (Control Cable) ပျက်စီးခြင်းနှင့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကင်မွန်းစခန်း ဓာတ်အားခွဲရုံကို ၃၃ ကေဗွီ ကျိုက်ထို ဓာတ်အားလိုင်းဖြင့် ပြောင်းလဲချိတ်ဆက်၍ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလောကျေးရွာတို့မှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများကို ဓာတ်အားအမြန်ဆုံးပြန်လည် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(၅၀၁)**

◆ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များအပြီးတွင် အိန္ဒိယအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင် ၁၃ မှတ် ၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲစဉ်တွင် ကိုးမှတ် ၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် မြန်မာအသင်းအနေဖြင့် နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ခဲ့သဖြင့် ပူးတွဲတတိယကြေးတံဆိပ်ဆုသာရရှိခဲ့ခြင်းဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်အခြားပွဲစဉ်တွင် ဂျပန်အသင်းက အိန္ဒိယအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဂျပန်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့အနေဖြင့် အောက်တိုဘာ ၃ ရက်တွင် ဗိုလ်လုပွဲစဉ် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး အိန္ဒိယအသင်းသည် မြန်မာအသင်းနှင့်အတူ ပူးတွဲတတိယကြေးတံဆိပ်သာရရှိခဲ့ကြောင်း သိရသည်။

**STA**

| ထူးခြားသည့် နေ့အပူချိန်များ (၂-၁၀-၂၀၂၆) | | | | | | | |
|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | | ပခုက္ကူ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ချောက် | ၃၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | | ဘားအံ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ငါးသိုင်းချောင်း | ၃၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | | ညောင်ဦး | ၃၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | |
| မကွေး | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | | ဇလွန် | ၃၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | |

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောမြေ ဧက ၅၀ ခန့်ပျက်စီးခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဘရမ်ဆွတ်ခ်ကောင်တီတောင်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးကြောင့် သစ်တောမြေ ဧက ၅၀ ခန့် ပျက်စီးခဲ့ကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောမီးသည် လူနေရပ်ကွက်များသို့ ကူးစက်လောင်ကျွမ်းလာနိုင်သဖြင့် တောမီးကူးစက်လာနိုင်သည့် ရပ်ကွက်များတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းရန် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြောက်ကာရိုလိုင်းနား မီးသတ်ဌာနမှ မီးသတ်တပ်ဖွဲ့များသည် တောမီးမပြန့်ပွားစေရန် မီးတားလမ်းကြောင်းများ ဖော်ဆောင်ကာ မြေပြင်မှ ဆက်လက်ငြိမ်းသတ် လျက်ရှိကြောင်း သိရသည်။

လက်ရှိတောမီးလောင်ကျွမ်းမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ အဆောက်အအုံပျက်စီးမှု မရှိသေးကြောင်း၊ မီးခိုးများ ဆက်လက်ထွက်ပေါ်နိုင်သဖြင့် မြင်ကွင်းအကန့်အသတ် ဖြစ်ပေါ်နိုင်ကာ မီးလောင်ရာနေရာအနီး ဖြတ်သန်းသွားလာခြင်းကို ရှောင်ရှားရန် တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# နီပေါနိုင်ငံ Himlung တောင်၌ နှင်းပြိုကျမှုကြောင့် သေဆုံးသူ ၁၅ ဦးထိရှိ

**ခတ္တမန္ဒူ အောက်တိုဘာ ၂**

နီပေါနိုင်ငံ မနန်းခရိုင်ရှိ Him-lung တောင်အခြေစခန်း၌ နှင်းပြိုကျမှု ဖြစ်ပွားခဲ့သောကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် သေဆုံးသူ ၁၅ ဦးထိရှိလာကြောင်း သိရသည်။

အဆိုပါ နှင်းတောင်ပြိုကျမှုသည် မနန်းခရိုင်ရှိ Himlung တောင်အခြေစခန်း၌ တောင်တက်ခရီးစဉ်အတွက် အခြေစခန်းများ ပြင်ဆင်ခြင်းနှင့် တောင်တက်ကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ဖြစ်ပွားခဲ့ကြောင်း၊ နှင်းထုများ ရုတ်တရက်ပြိုကျလာမှုကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်တက် လမ်းညွှန်များနှင့် အခြေစခန်းတွင် အလုပ်လုပ်နေသော ဝန်ထမ်းများအပါအဝင် လူ ၁၆ ဦး ပျောက်ဆုံးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက နှင်းထုများအတွင်း ဆက်လက်ရှာဖွေခဲ့ကြကြောင်း သိရသည်။

လက်ရှိတွင် ပျောက်ဆုံးနေသူ ၁၅ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး နောက်ဆုံးကျန်ရှိနေသူတစ်ဦး၏ အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိထားသော်လည်း ၎င်းကို ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း၊ တွေ့ရှိခဲ့သည့် ရုပ်အလောင်းတချို့ကို ချာမီမြို့ရှိ ခရိုင်ဆေးရုံသို့ လေကြောင်းဖြင့် ပို့ဆောင်ခဲ့ပြီး ကျန်ရုပ်အလောင်းတချို့ကိုမူ ခရိုင်အတွင်းရှိ ဖူးကျေးရွာသို့ သယ်ယူပို့ဆောင်ခဲ့ကြောင်း မနန်းခရိုင် လက်ထောက်ခရိုင်အုပ်ချုပ်ရေးမှူး ကရစ်ရှ်နာပရာဆတ်ပေါဒဲလ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်နေသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အေသင် အောက်တိုဘာ ၂**

ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဂရိအရေးပေါ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မော်တော်ယာဉ်အမြောက်အမြားရေစီးနှင့်အတူ မျောပါသည်ထိ ရေမြင့်တက်နေပြီး ရေစီးသန်သည့်အတွက် အန္တရာယ်ရှိသည့် အဆင့်အဖြစ် သတ်မှတ်ကြောင်း၊ မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး မိုးရေချိန်မှာ မီလီမီတာ ၁၅၀ ထိ မြင့်တက်ခဲ့သောကြောင့် တစ်ရက်အတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကြောင်း ဂရိအရေးပေါ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့သည်။

"ခရိကျွန်းမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် တစ်ရက်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုအခြေအနေဟာ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်ပါတယ်။ ရေစီးလဲသန်တဲ့အတွက် မော်တော်ကားတွေ



ရေစီးနဲ့အတူမျောပါခဲ့တယ်။ မိုးရေချိန်က မီလီမီတာ ၁၅၀ ထိ မြင့်တက်ခဲ့တယ်။ ရေစီးနဲ့အတူ အမှိုက်သရိုက်တွေလဲ မျောပါလာတဲ့အတွက် လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်နေပါတယ်။ ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ ရေကြီးရေလျှံမှုကြောင့် အသက် ၇၉ နှစ်အရွယ် အမျိုးသားတစ်ယောက် သေဆုံးခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီးတော့ နေရာချပေးထားပါတယ်"ဟု ဂရိအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပက်ဗ်လိုဗ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်မြင့်တက်သဖြင့် ၂၀၂၆ ခုနှစ်အတွင်း ရေခဲပြင်ရေထု၏ ငါးရာခိုင်နှုန်းထိ လျော့ကျသွားခဲ့

**ဘန်း အောက်တိုဘာ ၂**

ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုများ ကာလရှည်ကြာစွာဖြစ်ပေါ်ခဲ့သဖြင့်၂၀၂၆ ခုနှစ်အတွင်း ရေခဲပြင်ဇရိယာ၏ ငါးရာခိုင်နှုန်းထိ လျော့ကျသွားခဲ့ကြောင်း ဆွစ်ဇာလန် ရေခဲမြစ်စောင့်ကြည့်လေ့လာရေးကွန်ရက် (GLAMOS) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံအတွင်း ၂၀၂၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏကြောင့် ရေခဲပြင်အရည်ပျော်ကျမှုသည် ငါးနှစ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုအပြင် ဆီးနှင်းကျဆင်းမှုလည်း သိသိသာသာ လျော့နည်းလာသည့်အတွက် ရေခဲတောင်စကိတ်စီးသည့်နေရာများကို ယာယီပိတ်ထားရသည့် အခြေအနေဖြင့်လည်းရင်ဆိုင်နေရကြောင်း သိရသည်။

"ဆွစ်ဇာလန်နိုင်ငံမှာ မဖြစ်ဖူးသေးတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ခဲ့ပြီး ရေခဲတောင်တွေနဲ့ ရေခဲပြင်တွေမှာ အရည်ပျော်ကျမှု ဖြစ်ပေါ်နေပါတယ်။ ဆွစ်ဇာလန်နိုင်ငံဟာ ရေခဲပြင်အရည်ပျော်ကျမှုကြောင့် ပတ်ဝန်းကျင်အသစ်နဲ့ နိုင်ငံတစ်နိုင်ငံလို ဖြစ်သွားတယ်။ အနာဂတ်မှာ ရေခဲပြင်ဆုံးရှုံးမှု လျော့ကျသွားဖို့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို အလေးထားဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်"ဟု ဆွစ်ဇာလန်ရေခဲမြစ်စောင့်ကြည့်လေ့လာရေးကွန်ရက် (GLAMOS) မှ ပြောရေးဆိုခွင့်ရှိသူ မာသီးယပ်စ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# မက္ကဆီကိုနိုင်ငံ၏ ပစိဖိတ်သမုဒ္ဒရာကမ်းခြေသို့ ရေချယ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေပြီး မုန်တိုင်းပြင်းအားအဆင့် (၂) အဖြစ်သတ်မှတ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂**

မက္ကဆီကိုနိုင်ငံ၏ ပစိဖိတ်သမုဒ္ဒရာကမ်းခြေသို့ ရေချယ်ဟု အမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေပြီး မုန်တိုင်းပြင်းအား အဆင့် (၂) အဖြစ်သတ်မှတ်ကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မုန်တိုင်းနှင့်အတူ လေပြင်းတိုက်ခတ်နေပြီး မက္ကဆီကိုနိုင်ငံ အနောက်ဘက်ခြမ်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ မုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားပြည်နယ်ဘက်သို့ ဦးတည်တိုက်ခတ်နေပြီး မက္ကဆီကိုနိုင်ငံ အနောက်ဘက်ခြမ်း ဒေသများကို ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသည့်ဒေသများမှာ ဘာဂျာကယ်လီဖိုးနီးယားပြည်နယ်အပြင် စီနာလိုအာပြည်နယ်၊ နာယာရစ်ပြည်နယ်နှင့် ဂျာလစ်ကိုပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

"မက္ကဆီကိုနိုင်ငံ အနောက်ဘက်ခြမ်းမှာ ရေချယ်လို့အမည်ပေးထားတဲ့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေပါတယ်။ မုန်တိုင်းပြင်းအားအဆင့် (၂)အဖြစ် သတ်မှတ်ပါတယ်။ မုန်တိုင်းနဲ့အတူ လေပြင်းလဲတိုက်ခတ်နေပြီး မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ လေတိုက်နှုန်းကတော့ ၁ နာရီကို ၁၀၃ မိုင်နှုန်းနဲ့ တိုက်ခတ်နေတဲ့အတွက်အန္တရာယ်များပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု အမျိုးသားအဆင့် ပြည်သူကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မလေးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမှ ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်မှုဆီသို့




မလေးရှားနိုင်ငံသည် ၎င်း၏စီးပွားရေး၊ စက်မှုလုပ်ငန်းများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတို့တွင် ဉာဏ်ရည်တု (AI) နည်းပညာ၏ အရေးပါမှု မြင့်တက်လာသည်နှင့်အမျှ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်သစ်တစ်ခုသို့ ဝင်ရောက်လျက်ရှိသည်။ ယခင်က ကုန်ထုတ်လုပ်မှုနှင့် ဆီမီးကွန်ဒတ်တာ (Semiconductor) ထုတ်လုပ်ရေး အချက်အချာနေရာတစ်ခုအဖြစ် အဓိကထားအသိအမှတ်ပြုခံခဲ့ရသော မလေးရှားနိုင်ငံသည် ယခုအခါ AI အခြေခံအဆောက်အအုံ၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် အဆင့်မြင့်နည်းပညာတို့အတွက် ဒေသတွင်း အချက်အချာနေရာသစ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

မလေးရှားနိုင်ငံ၏ AI ဆိုင်ရာ ရည်မှန်းချက်များကို အစိုးရ၏ မူဝါဒများနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့က ပိုမိုအားဖြည့်ပေးလျက်ရှိသည်။ ဤတိုးတက်ပြောင်းလဲမှုများအရ မလေးရှားနိုင်ငံသည် ဒစ်ဂျစ်တယ်နည်းပညာများကို ရိုးရှင်းစွာအသုံးပြုရုံသာမကဘဲ မျိုးဆက်သစ် AI နည်းပညာကို အထောက်အပံ့ပေးနိုင်မည့် ဂေဟစနစ် (Ecosystem) တစ်ခုကို တည်ဆောက်သည့်လမ်းကြောင်းဆီသို့ ဦးတည်ရွေ့လျားနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

**AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်လမ်းပြမြေပုံ**

မလေးရှားနိုင်ငံ၏ AI နယ်ပယ်ဆိုင်ရာ ရည်မှန်းချက်များ၏ အဓိကအချက်မှာ ၎င်း၏အမျိုးသား AI ရုံး (National AI Office) လက်အောက်တွင် ရေးဆွဲထားသော AI နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်အစီအစဉ် ၂၀၂၆-၂၀၃၀ (AI Technology Action Plan 2026–2030) ပင်ဖြစ်သည်။ ဤငါးနှစ်တာကာလဆိုင်ရာ လမ်းပြမြေပုံသည် သုတေသန၊ ဆန်းသစ်တီထွင်မှု၊ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရေးနှင့် တာဝန်ယူမှုရှိသော AI စီမံအုပ်ချုပ်မှုစနစ်တို့ကို အားကောင်းစေမည့်အပြင် AI နည်းပညာအသုံးပြုမှုကိုပါ အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည့် မူဘောင်တစ်ခုကို ချမှတ်ပေးထားသည်။

ဤမဟာဗျူဟာသည် ၂၀၃၀ ပြည့်နှစ်တွင် မလေးရှားနိုင်ငံကို AI နိုင်ငံ (AI Nation) တစ်ခုအဖြစ် ပြောင်းလဲတည်ဆောက်ရန် ရည်ရွယ်ထားသည့် နိုင်ငံ၏ကျယ်ပြန့်သော ရည်မှန်းချက်ကို ထင်ဟပ်စေသည်။ AI ကို နည်းပညာကုမ္ပဏီကြီးများတွင်သာ ကန့်သတ်ထားရှိမည့် နည်းပညာတစ်ခုအဖြစ် သဘောထားမည့်အစား မလေးရှားနိုင်ငံသည် အစိုးရဝန်ဆောင်မှုများ၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ သုတေသနနှင့် အခြားသော စီးပွားရေးကဏ္ဍများတွင် AI ကို ပေါင်းစပ်ထည့်သွင်းအသုံးပြုရန် ကြိုးပမ်းလျက်ရှိသည်။

ဤချဉ်းကပ်မှုပုံစံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့စီးပွားရေးနှင့် အပြန်အလှန် ချိတ်ဆက်မှုမြင့်မားသော စီးပွားရေးစနစ်ရှိသည့် မလေးရှားနိုင်ငံအတွက် အထူးအရေးပါလှသည်။ AI သည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်း၊ ပုံမှန်လုပ်ဆောင်ရလေ့ရှိသော လုပ်ငန်းစဉ်များကို အလိုအလျောက်လုပ်ဆောင်စေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို အားကောင်းစေခြင်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ကျွမ်းကျင်လုပ်သားများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ မလေးရှားနိုင်ငံအတွက်မူ AI စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အီလက်ထရွန်နစ်၊ ကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများတွင် မလေးရှားနိုင်ငံ၌ လက်ရှိရှိထားပြီးဖြစ်သော အားသာချက်များကိုလည်း ပိုမိုဖြည့်ဆည်း အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

**တစ်ပိုင်းလျှပ်ကူးပစ္စည်း( Semiconductor) စင်တာမှ AI အခြေခံအဆောက်အအုံဆိုင်ရာ အချက်အချာနေရာတစ်ခုဆီသို့**

မလေးရှားနိုင်ငံ၏ လက်ရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) လုပ်ငန်းကဏ္ဍသည် ၎င်း၏ ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်တစ်ခုဖြစ်စေသည်။ မလေးရှားနိုင်ငံသည် Semiconductor ပစ္စည်းများ တပ်ဆင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် ဆက်စပ်ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် ဆယ်စုနှစ်များစွာကြာ အတွေ့အကြုံများကို တည်ဆောက်ထားပြီးဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် AI ချစ်ပ်ပြားများနှင့် ကွန်ပျူတာစနစ်ဆိုင်ရာ အခြေခံအဆောက်အအုံများ (Computing Infrastructure) အတွက် လိုအပ်ချက်မြင့်တက်လာသည်။ ထို့ကြောင့် ဤစွမ်းဆောင်ရည်များသည် မလေးရှားနိုင်ငံကို နည်းပညာဆိုင်ရာ တန်ဖိုးကွင်းဆက် (Technology Value Chain) တွင် ပိုမိုမြင့်မားသောအဆင့်သို့ တက်လှမ်းနိုင်မည့် အခွင့်အလမ်းကို ပေးစွမ်းလျက်ရှိသည်။

အချက်အလက်သိမ်းဆည်းမှုနှင့် စီမံခန့်ခွဲရေးစင်တာ (Data Center) များ တိုးချဲ့တည်ဆောက်ခြင်းသည်လည်းအရေးပါလှသည်။ ခေတ်မီဆန်းသစ်သော AI စနစ်များသည် ကြီးမားလှသည့် ကွန်ပျူတာစွမ်းဆောင်ရည် (Computing Power) ကို လိုအပ်လေ့ရှိသည်။ မလေးရှားနိုင်ငံသည် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံကဏ္ဍတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။ ခိုင်မာအားကောင်းသော ဆက်သွယ်ရေးကွန်ရက်စနစ်၊ တည်ဆောက်ပြီးသား စက်မှုလုပ်ငန်းအခြေခံနှင့် တိုးတက်လာနေသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်စွမ်းတို့ကြောင့် မလေးရှားနိုင်ငံသည် Data Center များ တည်ဆောက်ရန်အတွက် ပိုမိုဆွဲဆောင်မှုရှိသော နေရာတစ်ခု ဖြစ်လာစေခဲ့သည်။

ထင်ရှားသော ဥပမာတစ်ခုသည် ၂၀၂၆ ခုနှစ်စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သည်။ Nvidia ၏ ထောက်ပံ့ကူညီမှုရရှိထားသော Firmus ကုမ္ပဏီသည် မလေးရှားနိုင်ငံရှိ Data Center နှစ်ခုမှတစ်ဆင့် ကွန်ပျူတာစွမ်းဆောင်ရည်ကို ထောက်ပံ့ပေးနိုင်ရန် OpenAI ကုမ္ပဏီနှင့် နှစ်ရှည်သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် နိုင်ငံတကာ AI အခြေခံအဆောက်အအုံဆိုင်ရာ ကွန်ရက်စနစ်တွင် မလေးရှားနိုင်ငံ၏ အရေးပါမှု တိုးတက်လာနေပုံကို ပေါ်လွင်စေသည်။

ဤအကြောင်းအရာက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်တစ်ခုထက် ပိုမိုနက်ရှိုင်းသော အဓိပ္ပာယ်ရှိသည်။ ၎င်းအချက်က မလေးရှားနိုင်ငံအနေဖြင့် AI နည်းပညာအသုံးချမှုများ ပြုလုပ်ခြင်းဖြင့်သာမက ခေတ်မီဆန်းသစ်သော AI စနစ်များကို တည်ဆောက်ရန်နှင့် လည်ပတ်လုပ်ဆောင်ရန် လိုအပ်သည့် အခြေခံအဆောက်အအုံတချို့ကို ထောက်ပံ့ပေးခြင်းအားဖြင့်ပါ AI နည်းပညာဆိုင်ရာ တော်လှန်ပြောင်းလဲမှုတွင် မည်သို့ပါဝင်ဆောင်ရွက်နိုင်သည်ကို ပြသနေခြင်းဖြစ်သည်။

**AI နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ခြေလှမ်းသစ်**

စီးပွားရေးဆိုင်ရာ သက်ရောက်မှုများမှာ များပြားနိုင်သည်။ AI နည်းပညာသည် ကြိုတင်ခန့်မှန်းပြုပြင်ထိန်းသိမ်းခြင်း (Predictive Maintenance)၊ ဉာဏ်ရည်ထက်မြက်သော အလိုအလျောက်စနစ်များ (Intelligent Automation) နှင့် ပိုမိုကောင်းမွန်သော ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Supply-Chain) စီမံခန့်ခွဲမှုတို့မှတစ်ဆင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်သူများကို အထောက်အပံ့ပေးနိုင်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် AI သည် သီးနှံစောင့်ကြည့်လေ့လာခြင်း၊ ရာသီဥတုခွဲခြမ်းစိတ်ဖြာခြင်းနှင့် အရင်းအမြစ်စီမံခန့်ခွဲခြင်းတို့တွင် ကူညီပေးနိုင်သည်။ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၌မူ လိမ်လည်မှုရှာဖွေဖော်ထုတ်ခြင်းနှင့် စွန့်စားရနိုင်ခြေ အကဲဖြတ်ခြင်းတို့ကို ပိုမိုကောင်းမွန်စေနိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် AI နည်းပညာသည် သတင်းအချက်အလက်ရရှိနိုင်မှုကို တိုးချဲ့ပေးနိုင်ပြီး ကျွမ်းကျင်ပညာရှင်များ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို အထောက်အကူပြုနိုင်သည်။

ထို့ပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အနေဖြင့်လည်း အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ဈေးနှုန်းသက်သာသော AI ကိရိယာများသည် ကုမ္ပဏီငယ်များကို ဈေးကွက်ရှာဖွေရေး၊ ဖောက်သည်ဝန်ဆောင်မှု၊ စာရင်းကိုင်လုပ်ငန်း၊ ဒေတာခွဲခြမ်းစိတ်ဖြာခြင်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းတို့တွင် ကူညီပေးနိုင်သည်။ အကယ်၍ ဤနည်းပညာများကို သင့်လျော်သော သင်တန်းပေးမှုများနှင့် ပေါင်းစပ်အသုံးပြုနိုင်မည်ဆိုပါက AI နည်းပညာသည် မလေးရှားနိုင်ငံ၏ကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးမည့် အရေးပါသော ကိရိယာတစ်ခု ဖြစ်လာနိုင်သည်။

**❖ မလေးရှားနိုင်ငံ၏ AI ဆိုင်ရာ ရည်မှန်းချက်များကို အစိုးရ၏ မူဝါဒများနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့က ပိုမိုအားဖြည့်ပေးလျက်ရှိသည်။ ဤတိုးတက်ပြောင်းလဲမှုများအရ မလေးရှားနိုင်ငံသည် ဒစ်ဂျစ်တယ်နည်းပညာများကို ရိုးရှင်းစွာ အသုံးပြုရုံသာမကဘဲ မျိုးဆက်သစ် AI နည်းပညာကို အထောက်အပံ့ပေးနိုင်မည့် ဂေဟစနစ် (Ecosystem) တစ်ခုကို တည်ဆောက်သည့်လမ်းကြောင်းဆီသို့ ဦးတည်ရွေ့လျားနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ❖**

တစ်ချိန်တည်းမှာပင် မလေးရှားနိုင်ငံ၏ ဆီမီးကွန်ဒတ်တာ (Semiconductor) နှင့် အီလက်ထရွန်နစ်ကဏ္ဍများသည် ကမ္ဘာတစ်ဝန်း AI နည်းပညာ ကျယ်ပြန့်စွာ တိုးတက်သုံးစွဲလာမှုမှ အကျိုးခံစားခွင့်ရရှိနိုင်သည်။ AI နှင့်ဆက်စပ်သော ဝယ်လိုအား လျင်မြန်စွာ တိုးတက်လာမှုကြောင့် ချစ်ပ်ပြားများ (Chips)၊ အဆင့်မြင့် ကွန်ပျူတာသုံးကိရိယာများနှင့် ဒေတာအခြေခံအဆောက်အအုံများ၏ အရေးပါမှုမှာ မြင့်တက်လာလျက်ရှိသည်။ ဆီမီးကွန်ဒတ်တာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တွင် မလေးရှားနိုင်ငံ၏ ခိုင်မာသောရပ်တည်ချက်သည် ပိုမိုတန်ဖိုးမြင့်မားသော အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည့် အခြေခံပလက်ဖောင်းတစ်ခုကို ဖန်တီးပေးထားပါသည်။

ဆက်လက်ဖော်ပြပါမည်။

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၀၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၀၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်မှာ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၇ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၁၀၁၄ ဧက စုစုပေါင်း ၁၄၀၁ ဧကဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိပါမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ခရက်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ခရက်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၈၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခရက်ကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ရန်ပုံငွေကျပ် ၅၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

**ဇင်မာ**









## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ မန်းမြို့ဈေးအနောက်၊ ၃၈-၃၉ လမ်းကြား၊ ၈၅ လမ်း လှည်းတန်းရပ်နေ ဒေါ်သူဇာသိမ့်၏သား မောင်မင်းခန့်ဦး(၉/မဟမ(နိုင်)၀၆၅၃၅၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်သူဇာသိမ့်(၉/မရတ(နိုင်)၀၀၃၀၉၄)**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန့်ဇင်၏သမီး မလင်းလတ်ခင်အား မလင်းလက်ခင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မလင်းလက်ခင်(၉/အမဇ(နိုင်)၀၉၂၈၇၁)

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်ခန့်ကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဇေယျာဦး ဖြစ်ပါကြောင်း။

ဦးကျော်ဇေယျာဦး(၉/ကဆန(နိုင်)၂၁၆၆၁၂)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဘောဘီဒေါက်တာပညာရိပ်သာကိုယ်ပိုင်ကျောင်း၊ Grade-4 မှ မောင်ဘုန်းမြတ်ဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်အရ ဦးချမ်းငြိမ်း ဖြစ်ပါကြောင်း။ **ဦးချမ်းငြိမ်း(၉/အမဇ(ပြု)၀၀၀၀၆၄)**




## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မန္တလာတက္ကသိုလ်(အဝေးသင်)ဒုတိယနှစ်တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးဝင်းညွန့်၏သား မောင်မင်းကိုကို (ခ) မောင်မင်းကိုကိုအောင်(၉/ပကခ(နိုင်)၀၅၉၁၅၅)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မင်းကိုကို (ခ) မောင်မင်းကိုကိုအောင်**
**(၉/ပကခ(နိုင်)၀၅၉ ၁၅၅)**

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(၃)ကျောင်း၊ Grade-6 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးနိုင်ကျော်လင်း၏သမီး မဆုမြတ်ရတီ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မစုမြတ်ရတီ** ဖြစ်ပါကြောင်း။ **မစုမြတ်ရတီ**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ခင်ညို (ဘ) ဦးကျော်မြ(၉/သစန(နိုင်)၀၄၈၅၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-904377)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402571871**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ စန္ဒာအောင် (ဘ) ဦးစိန်မင်း(၉/ပသက(နိုင်)၁၃၈၄၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-904372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-781385909**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရတနာ-နဝရတ်ကြား၊ ရပ်ကွက်(၁၀)နေ မကြူကြူအေး (ဘ) ဦးဇော်စန်း(၅/ခတန(နိုင်)၀၀၃၂၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-259466503**

**အဖိုးတန်ရေချိုကို ချွေတာပါ**

**သစ်တောနဲ့**
**သစ်ပင်**
**ချစ်ခင်တဲ့**
**လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်**
**ကိုစိုး**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော်  အောက်တိုဘာ ၂**

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် ဇနီး (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော်  အောက်တိုဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊

**စာမျက်နှာ ၂၇ ကော်လံ ၁ ✱**





## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆု ဆွတ်ခူး

**ရန်ကုန်  အောက်တိုဘာ ၂**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၇ ကော်လံ ၄ ◆**

## ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်းကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်ဖျက်ဆီး

**နေပြည်တော်  အောက်တိုဘာ ၂**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများ ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ ယုတ်မာရိုင်းစိုင်းစွာကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာ ၃၀ ရက် ညဉ့်နက်သန်းခေါင်အချိန်တွင် မွန်ပြည်နယ်

**စာမျက်နှာ ၂၇ ကော်လံ ၄ ●**

## မုံရွာမြို့တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ



ကျော်မင်းလွင် ခေါ် ဟိန်းထက်ဝင်း၊ ဇော်ဟိန်းထက်၊ ဝမ်းဝမ်း၊ ဇော်နိုင်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော်  အောက်တိုဘာ ၂**

မုံရွာမြို့တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုး၊သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော

**စာမျက်နှာ ၂၇ ကော်လံ ၁ ■**